The Mon Forum
HUMAN RIGHTS NEWSLETTER

အတွဲ (၆)၊ အမှတ် (၁)၊ ဖေဖော်ဝါရီလ ၁၅၊ ၂၀၁၈ မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ ထုတ်ဝေသည်

# ဒေသဖွံ့ဖြိုးရေးအတွက် ရည်ရွယ်၍ ကျောက်ထုတ်လုပ်သည့်စီမံကိန်းကို လုပ်ကိုင်ခွင့်ပေးရန် သဘောတူထား



ဇန်နဝါရီ ၈၊ ၂၀၁၈

မွန်ပြည်နယ် ရေးမြို့နယ်တောင်ပိုင်း ခါဇာမြို့နယ်ခွဲ ဓနိသကြားကျေးရွာတွင် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်၍ ဓနိသကြားကျေးရွာနှင့် မန်ကျည်းကျေးရွာအကြားရှိ ဗလဲ့ခပွဲတောင်တွင် ကျောက်ထုတ်လုပ်ရန် ဒေသခံရွာသူရွာသားများက သဘောတူညီထားကြောင်း သိရသည်။ အဆိုပါစီမံကိန်းကို Excellent Fortune Development (EFD) Group Company Ltd. က လုပ်ကိုင်သွားမည်ဖြစ်ကြောင်း စီမံကိန်းအကောင်အထည်ဖော်ရန် ညှိနှိုင်းစေ့စပ်ပေးခဲ့သူ မန်ကျည်းကျေးရွာအုပ်ချုပ်ရေးမှူးဟောင်းက ပြောကြားခဲ့သည်။ ▲ စာမျက်နှာ ၄ သို့

# လယ်စီကော်မတီဝင် ၂ ဦး၏ နှုတ်ထွက်မှုကို ပြန်လည်စိစစ်ပေးရန် ဒေသခံများ တောင်းဆို



ဇန်နဝါရီ ၁၅၊ ၂၀၁၈

မွန်ပြည်နယ် ရေးမြို့နယ် အံ့ဒင်ကျေးရွာ၏ လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီဝင် (၂) ဦးဖြစ်သူ ရပ်ရွာကိုယ်စားပြု ဦးမောင်ရီနှင့် လယ်သမားကိုယ်စားပြု ဦးမင်းမြင့်သိန်းတို့အား ရေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးက ဖိအားပေး နှုတ်ထွက်စေခဲ့သည်။ အံ့ဒင်လယ်စီကော်မတီဝင်များက Offshore Oil and Gas Supply Base ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့ ထောက်ပံ့ရေးစခန်း စီမံကိန်းအတွက် လယ်ယာမြေများကို အခြားနည်းဖြင့် အသုံးခွင့်ပြုကြောင်း သဘောတူလက် မှတ်ရေးထိုးရန် ငြင်းဆန်ခဲ့ပြီးနောက်ပိုင်းတွင် ထိုကဲ့သို့ ဖိအားပေး နှုတ်ထွက်စေခဲ့ခြင်းဖြစ်သည်။

▲ စာမျက်နှာ ၈ သို့

# သက်ငယ်မုဒိမ်းအမှုတွင် လက်မှတ်အတုဖြင့် ရုံးချိန်းပြောင်းလဲခဲ့သဖြင့် တရားလိုများက မကျေနပ်

ဇန်နဝါရီ ၁၈၊ ၂၀၁၈ အမျိုးသမီးနှင့် ကလေးအခွင့်အရေးအစီအစဉ်

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ပင ကျေးရွာတွင် ၂၀၁၇ နိုဝင်ဘာ (၁၅) ရက်နေ့၌ ဖြစ်ပွားခဲ့သော သက်ငယ်မုဒိမ်းမှုတစ်ခုတွင် လက်မှတ်အတုကို အသုံးပြုခဲ့သဖြင့် နစ်နာသူကာ



▲ စာမျက်နှာ ၃ သို့

# ရေဖြူမြို့နယ်တွင် ဆယ်ကျော်သက်များအကြား မူးယစ်ဆေးသုံးစွဲမှု မြင့်တက်



ဒီဇင်ဘာ ၂၈၊ ၂၀၁၇

မြန်မာနိုင်ငံတောင်ပိုင်း တနင်္သာရီတိုင်း ရေဖြူမြို့နယ်အတွင်းရှိ ဆယ်ကျော်သက်လူငယ်များအကြားတွင် မူးယစ်ဆေးဝါးသုံးစွဲမှု သိသိသာသာမြင့်တက်လာကြောင်း ဒေသခံများ၏ ပြောကြားချက်အရ သိရှိရသည်။

▲ စာမျက်နှာ ၆ သို့

မွန်လူမျိုးအားလုံးကို ကိုယ်စားပြုသော နိုင်ငံရေးပါတီတစ်ခု ပေါ်ပေါက်လာစေရန် မွန်လူငယ်များ ကြိုးပမ်းသွားမည် စာ-၅
အံ့ဒင်လယ်စီကော်မတီ [၂] ဦး ဖိအားပေး နှုတ်ထွက်ခံရ စာ-၇
အမျိုးသမီးများ နိုင်ငံရေးတွင် ပါဝင်နိုင်မှု အားနည်းနေသေးကြောင်း မွန်နိုင်ငံရေးသို လာခံတွင်ထောက်ပြပြောဆို စာ-၉
ကလော့သော့ကျေးရွာအုပ်စု ရေရရှိရေးအတွက် ပြည်သူများထံမှ ငွေကောက်ခံမည်ကို ရွာသားအများစုက ငြင်းဆန် စာ-၁၀

▲ စာမျက်နှာ – ၁ မှ အဆက်

# ဒေသဖွံ့ဖြိုးရေးအတွက် ရည်ရွယ်၍ ကျောက်ထုတ်လုပ်သည့်စီမံကိန်းကို လုပ်ကိုင်ခွင့်ပေးရန် သဘောတူထား



အဆိုပါအုပ်ချုပ်ရေးမှူးဟောင်း၏ ပြောကြားချက်အရ စီမံကိန်းကြောင့် လူမှုဝန်းကျင်ကို ထိခိုက်မှု မရှိနိုင်ကြောင်း၊ စီမံကိန်းကြောင့် ဒေသစီးပွားရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်မှုများ ရရှိလာနိုင်ကြောင်း သိရသည်။

'ဒီဒေသရဲ့ ဖွံ့ဖြိုးမှုကို ကြည့်မယ်ဆိုရင် ကျွန်တော်တို့ဒေသက နှစ်ပေါင်းများစွာ ကျဉ်းကျပ်လာခဲ့တယ်။ ဖွံ့ဖြိုးတိုးတက်တယ်ဆိုတာ မမြင်ဖူးဘူး။ အဲတော့ ကျွန်တော်တို့ ဒေသမှာရှိနေတဲ့ ဒီတောင်တစ်ခုကို (ရင်းပြီး) ကျေးရွာပြည်သူတွေအတွက်လည်း ဘာအန္တရာယ်မှ မရှိနိုင်ဘူးဆိုပြီး ကျောက်ထုတ်တဲ့ကုမ္ပဏီကို ကမ်းလှမ်းခဲ့တယ်။ ကျွန်တော်တို့ကလည်း ကိုယ့်ဒေသ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီး၊ ကျန်းမာရေး၊ ပညာရေး စသဖြင့်ပေါ့၊ ဖွံ့ဖြိုးတိုးတက်ဖို့ အတွက်ကို ရည်ရွယ်ပြီး ကုမ္ပဏီကို လက်ခံခဲ့တယ်။ ပုဂ္ဂိုလ်ရေးအတွက် လုပ်တာ မဟုတ်ဘူး။ ဒေသတိုးတက်ဖို့အတွက်ပဲ လုပ်တာပါ' ဟု ၎င်းက ပြောဆိုပါသည်။

ကျောက်ထုတ်လုပ်ငန်းကို ရွာသူရွာသားအများစုက သဘောတူလက်ခံထားပြီး လူနည်းစုကသာ ကန့်ကွက်မှု ပြုလုပ်နေသည်ဟု ၎င်းအုပ်ချုပ်ရေးမှူးဟောင်းက ပြောပါသည်။

'ကုမ္ပဏီက ဒေသခံတွေတောင်းဆိုထားတဲ့အတိုင်း လုပ်ပေးမယ် ပြောတယ်။ သူတို့တကယ်လုပ်ပေးမယ်ဆိုရင် ကျွန်တော်တို့လည်း အဲတောင်ကို ရောင်းပေးမယ်လို့ သဘောတူညှိနှိုင်းထားပြီးပြီ။ ဒေသခံတွေရဲ့ဆန္ဒကလည်း ဓနိသကြားကျေးရွာ အကုန်လုံးနီးပါးလောက်ကို ထောက်ခံကြတယ်။ ကျေးရွာကို ဖွံ့ဖြိုးစေချင်ကြတယ်။ (၉၀) ရာခိုင်နှုန်းက ထောက်ခံတယ်၊ ကန့်ကွက်တဲ့သူက (၁၀) ရာခိုင်နှုန်းလောက်ဘဲ ရှိတယ်'ဟု ဓနိသကြားကျေးရွာဇာတိဖြစ်သူ နိုင်သောင်းစိန်က ပြောပါသည်။

သို့သော် ခြိမ်းခြောက်မှုများနှင့် မလျော်ဩဇာများကို အသုံးပြုကာ စီမံကိန်းကို ကန့်ကွက်သော ရွာသူ ရွာသားများအပေါ် ဖိအားပေးမှုများလည်း ရှိလာသဖြင့် စီမံကိန်းနှင့်ပတ်သက်၍ အငြင်းပွားမှုများ ဖြစ်ပေါ်လာသည်။

စီမံကိန်းဝင်ရောက်လုပ်ကိုင်မှုနှင့် ပတ်သက်၍ ကျေးရွာတစ်ရွာနှင့်တစ်ရွာ သဘောထားမတိုက်ဆိုင်မှုများ ရှိလာခဲ့သည်။ အတွင်းဓနိသကြားကျေးရွာမှ ရွာသူ ရွာသားများနှင့် ရဟန်းသံဃာတော်များက သဘောတူလက်မှတ်ရေးထိုးထားပြီဖြစ်သော်လည်း အပြင်ဓနိသကြားကျေးရွာအပါအဝင် မန်ကျည်းရွာသူရွာသားအချို့နှင့် ရဟန်းသံဃာတော်အချို့တို့က စီမံကိန်းကိုကန့်ကွက်နေကြောင်းလည်း သိရသည်။

မန်ကျည်းကျေးရွာဆရာတော် ဦး–––––၏ မိန့်ကြားချက်အရ ဓနိသကြားဇာတိဖြစ်သော ဆရာတော်စန္ဒသာရအား ကြည်ညို လေးစားသောအားဖြင့် ဓနိသကြားရွာသူ ရွာသားများက စီမံကိန်းကို သဘောတူညီထားသည်ဟု သိရသည်။ ဆရာတော်စန္ဒသာရသည် ဗလဲ့ခပွဲတောင်တွင် ကျောက်ထုတ်လုပ်ရန် ကုမ္ပဏီအား ကနဦးသဘောတူထားသူ ဖြစ်သည်။

စီမံကိန်းကို ကန့်ကွက်နေသူများအနေဖြင့် နောက်ဆက်တွဲပြဿနာတစ်စုံတရာ ဖြစ်ပေါ်လာပါက ၎င်းအနေဖြင့် ကာကွယ်ဖြေရှင်းပေးသွားမည်မဟုတ်ကြောင်း ဆရာတော်စန္ဒသာရက မိန့်ကြားခဲ့သည်ဟု ဆရာတော်ဦး–––က ၂၀၁၇ ဒီဇင်ဘာလတွင် ထပ်မံမိန့်ကြားခဲ့သည်။

စီမံကိန်းကို လက်ခံရန် ဖိအားပေးမှုများရှိလာသော်လည်း အပြင်ဓနိသကြား

▲ စာမျက်နှာ ၃ သို့

# လိုင်အကြမ်းဖက်မှု ကျူးလွန်သူကို ထောင် (၃) နှစ်သာ ပြစ်ဒဏ်ချသဖြင့် နစ်နာသူများက မကျေနပ်

ဇန်နဝါရီ ၁၆၊ ၂၀၁၈

လိင်အကြမ်းဖက်မှု ကျူးလွန်ခဲ့သူကို မွန်ပြည်နယ် ကျိုက်မရောမြို့နယ် တရားရုံးက ထောင် (၃) နှစ်သာ ပြစ်ဒဏ်ချမှတ်ခဲ့သဖြင့် နစ်နာသူကာယကံရှင်နှင့် ၎င်း၏ မိသားစုဝင်များက တရားရုံး၏ ဆုံးဖြတ်ချက်အပေါ် စိတ်ပျက်ခဲ့ပြီး အဆိုပါဆုံးဖြတ်ချက်ကို ပြင်ဆင်နိုင်ရန် မော်လမြိုင်ခရိုင်တရားရုံးသို့ အယူခံဝင်သွားမည်ဖြစ်ကြောင်း သိရသည်။

'တရားရုံးဆုံးဖြတ်ချက်ကို ကျွန်မတို့ မကျေနပ်ဘူး။ ကျူးလွန်ခံရသူက သူ့ မုဒိမ်းကျင့်ခံရတယ်လို့ ထွက်ဆိုတယ်။ တရားခံက ပြစ်မှုကို ဝန်ခံခဲ့တာတောင် ထောင် (၃) နှစ်ပဲ ချခဲ့တယ်။ နစ်နာသူမိသားစုတွေကတော့ ခရိုင်အထိ အယူခံဝင်မယ်။ ကျူးလွန်သူက နစ်နာသူမိသားစုဝင်တွေကို အသရေဖျက်မှုနဲ့ တရားစွဲထားတယ်လို့လည်း ကြားနေရတယ်' ဟု နစ်နာသူကို လိုက်လံကူညီပံ့ပိုးပေးနေသူ စံပြလူထုအခြေပြုဖွံ့ဖြိုးရေးအဖွဲ့မှ မိချယ်ရီစိုးက ပြောပါသည်။

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် တရနာကျေးရွာအုပ်စု ကျွန်းကုန်းကျေးရွာမှ အသက် (၆၂) အရွယ် ဒေါ်---ကို အသက် (၄၅) နှစ်အရွယ် အိမ်နီးနားချင်း အမျိုးသားက အဓမ္မပြုကျင့်ခဲ့ပြီး သတိမေ့မြောနီးပါးဖြစ်သည်အထိ လည်ပင်းညှစ်ခဲ့သည်။ ဒေါ်---၏ ဆေးစစ်ချက်မှတ်တမ်းကို မော်လမြိုင်အထွေထွေဆေးရုံကြီးမှ ရရှိပြီးနောက်ပိုင်းတွင် ကျိုက်မရောရဲတပ်ဖွဲ့က ကျူးလွန်သူကို ဖမ်းဆီးပြီး ရာဇသတ်ကြီးပုဒ်မ (၃၇၆) မုဒိမ်းမှုဖြင့် တရားစွဲဆိုခဲ့သည်။

'နစ်နာသူဘက်က သက်သေခိုင်ခိုင်မာမာ မတင်ပြနိုင်ဘူး။ ဆေးစစ်တော့လည်း ကျူးလွန်ခံရသူမှာ ကျူးလွန်သူရဲ့ သုက်ပိုးကို မတွေ့ရဘူး။ နစ်နာသူရဲ့ ကိုယ်ပေါ်မှာလည်း ဒဏ်ရာအနာတရ ရထားတာတွေ မတွေ့ရဘူးလို့ ဆရာဝန်က ထွက်ဆိုထားတယ်။ အဲတော့ တရားရုံးကကျူးလွန်သူကို ပြစ်မှုကျူးလွန်ရန် အားထုတ်မှုဆိုတဲ့ ပုဒ်မ (၅၁၁) နဲ့ပဲ တရားစွဲဆိုခဲ့တယ်။ ပြီးတော့ ထောင်ဒဏ် (၃) နှစ် ချမှတ်ခဲ့တယ်' ဟု ကျူးလွန်ခံရသူ၏ ရှေ့နေဖြစ်သူ ဒေါ်ယုသန္တာမြင့်က ပြောပါသည်။

ကျူးလွန်သူဘက်က ခြိမ်းခြောက်မှုများ ပြုလုပ်လာသဖြင့် ကျူးလွန်ခံရသူ ဒေါ်---၏ လုံခြုံရေးအတွက်လည်း စိုးရိမ်ပူပန်နေရသည်ဟု သိရသည်။

'တရားခံက ထောင်ကနေ လွတ်လာလို့ရှိရင် ကျွန်မတို့က ရွာကနေပြောင်းရမယ်။ သူက သူ့ပြစ်ဒဏ်ကို မကျေနပ်ဘူး၊ ပြီးတော့ အဲအတွက် ထောင်ကလွတ်လာလို့ရှိရင် တစ်ခုခု ပြန်လုပ်မယ်ဆိုပြီး ခြိမ်းခြောက်ခဲ့တယ်' ဟု ဒေါ်---က ပြောပါသည်။

> "တရားရုံးဆုံးဖြတ်ချက်ကို ကျွန်မ တို့ မကျေနပ်ဘူး။ ကျူးလွန်ခံရသူက သူ့ မုဒိမ်းကျင့်ခံရတယ်လို့ ထွက်ဆိုတယ်။ တရားခံက ပြစ်မှုကို ဝန်ခံခဲ့တာတောင် ထောင် ၃ နှစ်ပဲ ချခဲ့တယ်။"

▲ စာမျက်နှာ – ၂ မှ အဆက်

ကျေးရွာမှ ခြံပိုင်ရှင်တစ်ဦးဖြစ်သူ ဦးရွှေသိန်းက စီမံကိန်းကို ကန့်ကွက်နေဆဲဖြစ်သည်။

'တကယ်လို့ ဒီတောင်ကို ကုမ္ပဏီက ဝယ်လိုက်မယ်ဆိုရင် ကျွန်တော်တို့ အပြင်ဓနိကြားကလူတွေ ဒုက္ခဖြစ်မယ်။ အဲတောင်မရှိတော့ဘူးဆိုရင် ကျွန်တော်တို့ အပြင်ရွာက လေဒဏ်မခံနိုင်ဘူး။ ပြီးတော့ တောင်ဘေးနားက ခြံတွေလည်း ပျက်စီးသွားနိုင်တယ်။ ဒီဒေသက ခြံပဲအဓိက လုပ်ကြတာ။ ခြံတွေ ပျက်စီးသွားရင် ကျွန်တော်တို့ ခြံလုပ်သမားတွေ ဒုက္ခရောက်ကြမယ်' ဟု ဦးရွှေသိန်းက ပြောပါသည်။

၎င်းပြင် ဆရာတော်ဦး--- ကလည်း'ဘယ်လိုပဲ ခြိမ်းခြောက်ခြိမ်းခြောက် မကြောက်ဘူး။ ဦးဇင်းတို့က ဆက်ပြီးတော့ ကန့်ကွက်သွားမှာပဲ'ဟု မိန့်ကြားခဲ့သည်။ ဆရာတော်ဦးစန္ဒသာရ၏ အစ်ကိုဖြစ်သူ မွန်ခွဲထွက်လက်နက်ကိုင်အဖွဲ့ဝင်ဟောင်းက စီမံကိန်းကို ကန့်ကွက်သော ရွာသူ ရွာသားများကို လိုက်လံခြိမ်းခြောက်နေသဖြင့် ဒေသခံများက ကြောက်ရွံ့နေကြသည်ဟုလည်း ဆရာတော်က ဆက်လက်မိန့်ကြားပါသည်။

စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မည်ဆိုပါက မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် မြေစာရင်းဦးစီးဌာနတို့က မြေပြင်အနေအထားကို ကွင်းဆင်းစစ်ဆေးပြီးမှသာ မြေနေရာများကို တရားဝင်ခွင့်ပြုချက် လျှောက်ထားနိုင်မည်ဖြစ်ကြောင်း ခေါဇာမြို့ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် မြေစာရင်းဦးစီးဌာန လက်ထောက်ဦးစီးမှူး ဦးအောင်ဇော်ဝင်းက ပြောပါသည်။

'ကုမ္ပဏီဘက်က ပြောတာက သူတို့ ဒေသခံတွေနဲ့ ညှိနှိုင်းလို့အဆင်ပြေရင် မြေပြင်အထိ စစ်ဆေးဖို့ ကျွန်တော်တို့ကို လာခေါ်မယ်။ ဒါပေမယ့် အခုထိ လာမခေါ်ရသေးဘူး။ သူတို့က အခုထိ မြေနေရာ မလျှောက်ရသေးဘူး။ ဒေသခံတွေနဲ့ ပြေလည်အောင် ညှိနှိုင်းရမည်။ သူတို့တွေ ပြေလည်မှ ကျွန်တော်တို့က အောက်ခြေမြေပြင် အနေအထားအမှန်ကို ကွင်းဆင်းစစ်ဆေးမယ်။ သူတို့လိုတဲ့ မြေနေရာဘက်မှာ ဘာတွေရှိနေလဲ၊ ဘာခြံတွေ ရှိနေလဲ၊ အဲနေရာက ဘာမြေအမျိုးအစားလဲ၊ အဲဒါကို ကျွန်တော်တို့ စစ်ဆေးပြီး ပြန်တင်ပြရမယ်'ဟု ဦးအောင်ဇော်ဝင်းက ပြောပါသည်။

တင်ပြချက်အပေါ်မူတည်ပြီး မြေနေရာ လျှောက်ထားပိုင်ခွင့်ရှိမရှိကို သက်ဆိုင်ရာဌာနက ညွှန်ကြားလာမည်ဖြစ်ကြောင်း ခေါဇာမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် မြေစာရင်းဦးစီးဌာနထံမှ သိရသည်။

• • • • • •

▲ စာမျက်နှာ – ၁ မှ အဆက်

# သက်ငယ်မုဒိမ်းအမှုတွင် လက်မှတ်အတုဖြင့် ရုံးချိန်းပြောင်းလဲခဲ့သဖြင့် တရားလိုများက မကျေနပ်




ဇန်နဝါရီ ၁၈၊ ၂၀၁၈
အမျိုးသမီးနှင့် ကလေးအခွင့်အရေးအစီအစဉ်

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ပင်ကျေးရွာတွင် ၂၀၁၇ နိုဝင်ဘာ (၁၅) ရက်နေ့၌ ဖြစ်ပွားခဲ့သော သက်ငယ်မုဒိမ်းမှု တစ်ခုတွင် လက်မှတ်အတုကို အသုံးပြုခဲ့သဖြင့် နစ်နာသူကာယကံရှင် မိသားစုအနေဖြင့် အဆိုပါအမှု၏ ပထမဆုံးရုံးချိန်းကို လွဲချော်ခဲ့ရကြောင်း နစ်နာသူကလေးငယ်၏ မိခင်ဖြစ်သူ ဒေါ်––––က မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းသို့ ပြောကြားခဲ့သည်။

'မော်လမြိုင်တရားရုံးက ပထမဆုံး ရုံးချိန်းခေါ်တာကို သံဖြူဇရပ်ရဲစခန်းက ကျွန်မတို့ကို မပြောပြလို့ မသိခဲ့ရဘူး။ ဒုတိယအကြိမ် ရုံးချိန်းခေါ်တော့မှ ပထမရုံးချိန်းမှာ ကျွန်မတို့မသိဘဲ လက်မှတ်ထိုးထားတာကို တွေ့တော့ ဘာလို့ ကျွန်မ မသိဘဲ ကျွန်မနာမည်နဲ့ လက်မှတ်ထိုးထားသလဲလို့ စခန်းမှူးကို မေးလိုက်တယ်။ ပြီးတော့ အခု ဒုတိယအကြိမ်လည်း ကျွန်မလက်မှတ်မထိုးရဲဘူးလို့ ပြောလိုက်တယ်။ စခန်းမှူးက ဘာမှမဖြစ်ဘူး လက်မှတ်ထိုးလိုက်ပါဆိုလို့ ကျွန်မလက်မှတ်ထိုးခဲ့တယ်' ဟု ဒေါ်–––က ပြောပါသည်။

ရုံးချိန်းမှတ်တမ်းတွင် ဒေါ်–––အနေဖြင့် အဓမ္မပြုကျင့်ခံထားရသော သမီးငယ်လေး နေမကောင်းသဖြင့် ပထမရုံးချိန်းကို မတက်ရောက်နိုင်ကြောင်း ရေးသားဖော်ပြထားပြီး လက်မှတ်ထိုးရမည့်နေရာတွင် ' ' ဟု လက်မှတ်ထိုးထားသည်။

'ထိုးထားတဲ့လက်မှတ်က ' 'ပဲ။ ဒါပေမယ့် ကျွန်မလက်မှတ် ကျွန်မလက်ရေးနဲ့မတူဘူး။ ဒါဘယ်သူထိုးထားတာလဲမေးတော့ စခန်းမှူးက ပင်ရွာက တစ်ယောက်ယောက်ထိုးတာလို့ ပြောတယ်။ ပေက လူတွေကို ပြန်မေးကြည့်တော့ စခန်းထဲက လူပဲလက်မှတ်ထိုးတာလို့ ပြောတယ်။ အခုထိဘယ်သူလက်မှတ်ထိုးခဲ့သလဲဆိုတာ သေချာမသိသေးဘူး' ဟု ဒေါ်–––က ပြောပါသည်။

မွန်အမျိုးသမီးများကွန်ရက် အဖွဲ့မှ မိချယ်ရီစိုးက 'ကာယကံရှင်ဘက်က မသိဘဲနဲ့ ဥပဒေနဲ့လွဲချော်နေတဲ့ လုပ်ရပ်မျိုးကို မလုပ်သင့်ဘူး၊ မဖြစ်သင့်ဘူးပေါ့နော်။ ရုံးချိန်းဆို ကာယကံရှင်ဘက်က သိဖို့လိုတယ်။ ရုံးချိန်းက (အမှုအပေါ်) အကျိုးသက်ရောက်မှုရှိတယ်။ ရုံးချိန်းပျက်ကွက်မှု ရှိမရှိက ပြစ်ဒဏ်ချတဲ့အခါမှာ အကျုံးဝင်တယ်။ နောက်တစ်ခု ကဒီကိစ္စက corruption (အကျင့်ပျက်ခြစားတာ)လည်း ဖြစ်နိုင်တယ်' ဟု သုံးသပ်ပြောဆိုပါသည်။

အလားတူလုပ်ရပ်များကြောင့် ပြည်သူလူထုက တရားဥပဒေစိုးမိုးမှုအပေါ် ယုံကြည်မှု မရှိသည့်အပြင် အစိုးရဝန်ထမ်းများကိုလည်း စိတ်ပျက်လာကြခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောဆိုပါသည်။

'ကျွန်မတို့ ဒုတိယအကြိမ်ရုံးချိန်းအတွက် မော်လမြိုင်တရားရုံးကို သွားရင်းနဲ့ သံဖြူဇရပ်ရဲစခန်းကို ခဏဝင်ပြီး လက်မှတ်အတုကိစ္စကို မေးပါတယ်။ စခန်းမှူးက မော်လမြိုင်တရားရုံးကမေးရင် ကလေးနေမကောင်းလို့ မလာဖြစ်ဘူးလို့ ဖြေပေးဖို့ပြောတော့ ကလေးက နေကောင်းပါတယ်၊ ဆရာတို့ ရုံးချိန်းမခေါ်လို့ မလာတာပါလို့ ကျွန်မက ပြန်ပြောတယ်။ စခန်းမှူးကတော့ ကလေးနေမကောင်းဘူးလို့ပဲ ပြောခိုင်းတယ်။ ဒါပေမယ့် တရားရုံးက မမေးတော့ ဘာမှ မဖြေခဲ့ရဘူး' ဟု ဒေါ်–––က ရှင်းပြပါသည်၊

၂၀၁၇ ခုနှစ် နိုဝင်ဘာ (၁၄) ရက်နေ့တွင် အသက် (၅၈) နှစ်အရွယ် ဦး––––က အသက် (၁၂) နှစ်အရွယ် အဌမတန်းကျောင်းသူ မ–––ကို နှစ်ကြိမ်တိုင်တိုင် အဓမ္မပြုကျင့်ခဲ့သည်။ မ–––က မုန့်ဝယ်ရန် ဈေးသို့ လမ်းလျှောက်သွားစဉ် မုန့်စားရန်ဟု ဆိုကာ ဦး–––က ၎င်း၏နေအိမ်မှ မ––

▲ စာမျက်နှာ ၅ သို့

# မွန်လူမျိုးအားလုံးကို ကိုယ်စားပြုသော နိုင်ငံရေးပါတီတစ်ခု ပေါ်ပေါက်လာစေရန် မွန်လူငယ်များ ကြိုးပမ်းသွားမည်

ဒီဇင်ဘာ ၂၈၊ ၂၀၁၇

၂၀၁၇ဒီဇင်ဘာလ (၂၈) ရက်နေ့တွင် ကျရောက်သော မွန်လူငယ်နေ့တွင် မွန်လူမျိုးအားလုံးကို ကိုယ်စားပြုသော နိုင်ငံရေးပါတီတစ်ခု ပေါ်ပေါက်လာရေးအတွက် မွန်လူငယ်များက ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဆိုပါအခမ်းအနားကို ဦးဆောင်ကျင်းပခဲ့သော မွန်လူငယ်ဖိုရမ် (Mon Youth Forum) က ပြောကြားခဲ့သည်။

'ကျွန်တော်တို့လူငယ်တွေက နိုင်ငံရေးကဏ္ဍမှာပါဝင်ဖို့ အခွင့်အလမ်းရှိနေပါတယ်။ လက်ရှိဖြစ်နေတဲ့ ပါတီတွေ ညီညွတ်မှုမရှိတာတွေကို ကျွန်တော်တို့ မွန်လူငယ်တွေက မလိုလားပါဘူး။ မွန်လူမျိုး(အားလုံး)ကို ကိုယ်စားပြုတဲ့ နိုင်ငံရေးပါတီကိုပဲ လိုလားတယ်။ အဲဒီအတွက် လာမည့် ၂၀၁၈ ဇန်နဝါရီလမှာ ပြုလုပ်မယ့် မွန်နိုင်ငံရေးညီလာခံမှာ ကျွန်တော်တို့မွန်လူငယ်အဖွဲ့တွေ အဖြေရှာသွားမယ်။ ကြိုးပမ်းလုပ်ဆောင်သွားမယ်'ဟု မွန်လူငယ်ဖိုရမ် အထွေထွေအတွင်းရေးမှူးဖြစ်သူ နိုင်ဂျနွယ်ဦးက ပြောကြားခဲ့သည်။

၂၀၁၇ ဒီဇင်ဘာ (၂၈) ရက်နေ့တွင် ပြုလုပ်ကျင်းပသော (၆) ကြိမ်မြောက် မွန်လူငယ်နေ့၏ ထူးခြားမှုတစ်ခုအနေဖြင့် မွန်လူမျိုးအားလုံးကို ကိုယ်စားပြုသော နိုင်ငံရေးပါတီကို လိုလားသော ပြည်သူများက စုပေါင်းလက်မှတ်ရေးထိုးသည့် အစီအစဉ်ပါရှိကြောင်း၊ အဆိုပါလက်မှတ်များကို မွန်နိုင်ငံရေးညီလာခံတွင် တင်ပြသွားမည် ဖြစ်ကြောင်း မွန်လူငယ်နေ့ ကျင်းပရေးကော်မတီမှ နိုင်ဉာဏ်စိုက်ရာမာန်က ပြောကြားပါသည်။

အဆိုပါညီလာခံမှ ထွက်ပေါ်လာသော ရလာဒ်များအပေါ်မူတည်၍ မွန်လူငယ်ဖိုရမ်က မွန်နိုင်ငံရေးပါတီများနှင့်ပူးပေါင်းကာ မွန်လူမျိုးအားလုံးကို ကိုယ်စားပြုသော နိုင်ငံရေးပါတီတစ်ခု ပေါ်ပေါက်လာစေရန် ဆက်လက်အကောင်အထည်ဖော်သွားမည် ဖြစ်ကြောင်းလည်း ၎င်းက ပြောပါသည်။

လက်ရှိတည်ရှိနေသော နိုင်ငံရေးပါတီများကို မွန်လူမျိုးအားလုံးကို ကိုယ်စားပြုသော နိုင်ငံရေးပါတီအဖြစ် မွန်လူငယ်ဖိုရမ်က အသိအမှတ်မပြုနိုင်သည့်အပြင် ယင်းပါတီများကိုလည်း ဆက်လက် ဆန့်ကျင်သွားမည်ဖြစ်ကြောင်း၊ လိုအပ်ပါက ဆန္ဒဖော်ထုတ်ပွဲများ ပြုလုပ်သွားမည်ဖြစ်ကြောင်းလည်း ၎င်းက ဆိုသည်။

'လူကြီးတွေ ညီညွတ်မှုမရှိရင် လူငယ်တွေလည်း ယိမ်းယိုင်သွားတာတွေ ရှိတယ်။ အဲဒါကတော့ (ဂိုဏ်းဃန) အစွဲတွေကြောင့်ပေါ့။ ဒါပေမယ့် ဘယ်လိုဖြစ်ဖြစ် ကျွန်တော်တို့က မွန်လူမျိုးအားလုံးကို ကိုယ်စားပြုသော နိုင်ငံရေးပါတီကိုပဲ လိုလားတဲ့အတွက် ညီညွတ်မှုမရှိတဲ့ပါတီတွေကို ပြတ်ပြတ်သားသား ဆန့်ကျင်သွားမယ်' ဟု ၎င်းက ဆက်ပြောပါသည်။

မွန်နိုင်ငံရေးပါတီများ မပေါင်းစည်းနိုင်ပါက ရွေးကောက်ပွဲတွင် အောင်မြင်မှုမရရှိနိုင်ကြောင်း၊ ဆန္ဒမဲများ ခွဲဝေပေးရသဖြင့် ပြိုင်ဘက်ပါတီများကို ယှဉ်ပြိုင်နိုင်စွမ်းရှိမည်မဟုတ်ကြောင်း၊ ထို့ကြောင့် မွန်လူမျိုးအားလုံးကို ကိုယ်စားပြုသော နိုင်ငံရေးပါတီတစ်ခု ပေါ်ပေါက်ရန်လိုကြောင်း မွန်လူငယ်ဖိုရမ်က ရှုမြင်သုံးသပ်သည်။

လက်ရှိမွန်နိုင်ငံရေးပါတီများအကြားတွင် ညီညွတ်မှုမရှိသဖြင့် မွန်တိုင်းရင်းသားလူမျိုးများအနေဖြင့် မည်သည့်ပါတီ၏ ဦးဆောင်မှုနောက်ကို လိုက်ရန်မှာ ဝေခွဲရခက်နေကြောင်း၊ အနာဂတ်မွန်လူမျိုးများအတွက် မွန်လူငယ်များ အသံတစ်သံတည်းဖြစ်ရန်နှင့် ညီညွတ်မှုရှိရန်လိုကြောင်း အခမ်းအနား တက်ရောက်လာသော မွန်လူငယ်တစ်ဦးက မှတ်ချက်ပြုပါသည်။

၂၀၁၇ ဒီဇင်ဘာလ (၂၈) ရက်နေ့တွင် ကျရောက်သော ဆဌမအကြိမ်မွန်လူငယ်နေ့ကို မွန်ပြည်နယ်၊ ဘီလူးကျွန်းဒေသ၊ ချောင်းဆုံမြို့နယ်၊ ကမာမိုကျေးရွာတွင် ပြုလုပ်ကျင်းပခဲ့ပြီး ရဟန်းသံဃာတော်များ၊ အနယ်နယ်အရပ်ရပ်မှ မွန်လူငယ်များနှင့် မွန်အရပ်ဖက်လူမှုအဖွဲ့အစည်းများ စုစုပေါင်း အင်အား တစ်ထောင်ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။

▲ စာမျက်နှာ – ၄ မှ အဆက်

–ကို လှမ်းခေါ်ခဲ့ပြီး အဓမ္မပြုကျင့်ခဲ့ကြောင်း မ–––က တရားရုံးတွင် ထွက်ဆိုထားသည်။

ထို့ပြင် နိုဝင်ဘာလ (၁၅) ရက်နေ့တွင်လည်းမ–––က ၎င်း၏သူငယ်ချင်းများနှင့် လမ်းတွင် ဆော့ကစားနေချိန်တွင် ဦး––– က မ–––ကို လှမ်းခေါ်ပြီး ဒုတိယအကြိမ် အဓမ္မပြုကျင့်ခဲ့သည်။

အဆိုပါအမှုဖြစ်စဉ်ကို မော်လမြိုင်တရားရုံးက စစ်ဆေးလျက်ရှိပြီး ၂၀၁၈ ဇန်နဝါရီလ (၁၇) ရက်နေ့အထိ ရုံးချိန်း (၄) ကြိမ် ဆင့်ခေါ်ခဲ့သည်။ ပထမရုံးချိန်းကို သံဖြူဇရပ်ရဲစခန်းက အကြောင်းမကြားသဖြင့် မတက်ရောက်နိုင်ခဲ့ကြောင်း၊ ဒုတိယရုံးချိန်းတွင် တရားလိုဘက်က လာရောက်သော်လည်း စစ်ဆေးမှု မပြုလုပ်ခဲ့ကြောင်း၊ တတိယရုံးချိန်းတွင် ကလေးမိခင် ဒေါ်––– ကို တစ်ကြိမ်စစ်ဆေးခဲ့ကြောင်း၊ စတုတ္ထရုံးချိန်း တွင် အဓမ္မပြုကျင့်ခံရသူ ကလေးငယ်ကို စစ်ဆေးခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် လိင်အကြမ်းဖက်မှုနှင့်ပတ်သက်၍ တရားမျှတမှုရရှိရန် ကြိုးစားပါက အခက်အခဲများစွာ ရင်ဆိုင်နေရသည်။ တရားရုံးစရိတ်နှင့် သွားလာနေထိုင်မှု စရိတ်များက အမှန်တရားကို လက်လျှော့ရန် တွန်းအားပေးလျက်ရှိသည်။ ၎င်းပြင် တရားစီရင်သည့်ကာလကလည်း နှစ်နှင့်ချီ ကြာမြင့်နိုင်သည့်အတွက် ကုန်ကျစရိတ် များပြားသည့်အပြင် သက်မွေးဝမ်းကျောင်းအလုပ်ကိုလည်း ကောင်းမွန်စွာ မလုပ်ကိုင်နိုင်တော့ချေ။ အထက်ပါကိစ္စရပ်များကြောင့် လိင်အကြမ်းဖက်မှုနှင့် ပတ်သက်လာပါက နစ်နာသူကာယကံရှင်များအနေဖြင့် အမှုကိစ္စကို ရပ်ကျေးအုပ်ချုပ်ရေးဌာနများမှတဆင့် လျော်ကြေးငွေဖြင့်သာ ကျေအေးလိုကြပြီး တရားရုံးမှတဆင့် အမှန်တရားရှာဖွေလိုစိတ် နည်းပါးလျက်ရှိသည်။

မြန်မာနိုင်ငံတောင်ပိုင်း မွန်ဒေသများတွင်ဖြစ်ပွားခဲ့သော သက်ငယ်လိင်အကြမ်းဖက်မှုနှင့်ပတ်သက်၍ ပိုမိုသိရှိလိုပါက မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက ၂၀၁၇ မတ်လတွင် ထုတ်ဝေသော 'အမှောင်ခန်းက အပ်ကျသံ' အစီရင်ခံစာကို ဖတ်ရှုနိုင်ပါသည်။

• • •

▲ စာမျက်နှာ - ၁ မှ အဆက်

# ရေဖြူမြို့နယ်တွင် ဆယ်ကျော်သက်များအကြား မူးယစ်ဆေးသုံးစွဲမှု မြင့်တက်



ဒီဇင်ဘာ ၂၈၊ ၂၀၁၇

မြန်မာနိုင်ငံတောင်ပိုင်း တနင်္သာရီတိုင်း ရေဖြူမြို့နယ်အတွင်းရှိ ဆယ်ကျော်သက်လူငယ်များအကြားတွင် မူးယစ်ဆေးဝါးသုံးစွဲမှု သိသိသာသာမြင့်တက်လာကြောင်း ဒေသခံများ၏ ပြောကြားချက်အရ သိရှိရသည်။

'အရင်တုန်းကလည်း လူငယ်တွေသုံးနေကြတာပဲ၊ ဒါပေမယ့် ဒီလောက်ထိတော့ မဆိုးဘူးပေါ့။ အခုဆို ဆေးစွဲနေတဲ့သူ အများစုက ဆယ်ကျော်သက်တွေ ဖြစ်နေတယ်။ သူတို့က ဆေးပြားရော ဘိန်းရွက်ပါ သုံးကြတာ။ ဘယ်သူကမှ သူတို့ကို မထိန်းကြဘူး၊ ရဲတွေကလည်း မဖမ်းဘူး' ဟု ရေဖြူမှ တက်ကြွလှုပ်ရှားသူတစ်ဦးဖြစ်သူ နိုင်ကွန်းထောက ပြောပါသည်။

ရေဖြူမြို့နယ်တွင် မူးယစ်ဆေးရောင်းဝယ်မှုကို ယခင်က လျှို့ဝှက်စွာ လုပ်ဆောင်ခဲ့ကြသော်လည်း ယခုအချိန်တွင် ပေါ်ပေါ်ထင်ထင် ရောင်းဝယ်လျက်ရှိသည်။ ရောင်းဝယ်သူများကို ဖမ်းဆီးမှုမရှိခြင်း၊ ပြစ်ဒဏ်မချမှတ်နိုင်ခြင်းတို့ကြောင့် ရေဖြူမြို့နယ်တွင် မူးယစ်ဆေးဝါးများ အမြောက်အမြား ပျံ့နှံ့နေကြောင်း ၎င်းက ဆက်ပြောပါသည်။

'မူးယစ်ဆေးကို ဈေးထဲမှာ ဟင်းရွက်ရောင်းသလို ရောင်းနေတယ်။ ဆေးပြားကို လမ်းထောင့်တိုင်းမှာ ဝယ်လို့ရနေတယ်။ အရည်အသွေးမြင့်တဲ့ဆေးပြားဆိုရင် (၅၀၀၀)၊ အရည်အသွေးနည်းနည်းနိမ့်ရင် (၃၀၀၀) လောက်နဲ့ ရောင်းဝယ်နေကြတယ်။ ပိုက်ဆံရှိတဲ့ကောင်တွေကတော့ အရည်အသွေးမမီတာ ညံ့တာတွေကို ဝယ်မသုံးဘူးပေါ့။ (၅၀၀၀) တန်ကတော့ အရည်အသွေး တော်တော်ကောင်းတယ်ပြောတယ်' ဟု နိုင်ကွန်းထောက ဆက်ပြောပါသည်။

မူးယစ်ဆေးသုံးစွဲသူများ၏ အသက်အရွယ်အပိုင်းအခြားမှာ (၁၃) မှ (၄၀) နှစ်အထိ ရှိသော်လည်း သုံးစွဲသူအများ စုမှာ ဆယ်ကျော်သက်အရွယ်များ ဖြစ်သည်။

'ရေဖြူမှာ အလှူပွဲတစ်ခုခု ရှိပြီဟေ့ဆိုရင် အဲမှာ ဆေးသုံးမယ်ဆိုတာ (၈၀) ရာခိုင်နှုန်း သေချာတယ်။ ဆေးပြားတွေ ဒီလောက်ဖောဖောသီသီ ပျံ့နေပေမယ့် ဖမ်းတာဆီးတာတွေ အခုထိ မရှိသေးဘူး' ဟု ၎င်းက ဆက်ပြောပါသည်။

မွန်ပြည်သစ်ပါတီဗဟိုကော်မတီဝင်တစ်ဦး၏ ပြောကြားချက်အရ မွန်ပြည်နယ်တွင် မူးယစ်ဆေး အမြောက်အမြား ပျံ့နှံ့လျက်ရှိပြီး သထုံ၊ သံဖြူဇရပ်နှင့် ရေးမြို့နယ်အပါအဝင် မြို့နယ်အားလုံးကို မူးယစ်ဆေးသုံးစွဲသူ လူငယ်အရေအတွက်မှာ များပြားလာလျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံတောင်ပိုင်း မွန်ဒေသများအတွင်း မူးယစ်ဆေးပျံ့နှံ့မှုနှင့် အကျိုးသက်ရောက်မှုများအကြောင်းကို ပြည့်စုံစွာ သိရှိလိုပါက မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက ၂၀၁၃ ဖွန်လတွင် ထုတ်ဝေသော 'ဆေးခါး'အမည်ရှိ အစီရင်ခံစာကို ဖတ်ရှုနိုင်ပါသည်။

> မူးယစ်ဆေးကို ဈေးထဲမှာ
> ဟင်းရွက်ရောင်းသလို
> ရောင်းနေတယ်။
> ဆေးပြားကို
> လမ်းထောင့်တိုင်းမှာ
> ဝယ်လို့ရနေတယ်

# အံဒင်လယ်စီကော်မတီ (၂) ဦး ဖိအားပေး နှုတ်ထွက်ခဲ့ရ

ဒီဇင်ဘာ ၆၊ ၂၀၁၇

မွန်ပြည်နယ် ရေးမြို့နယ် တောင်ပိုင်း အံဒင်ကျေးရွာအနီးတွင် အကောင်အထည်ဖော်မည့် Offshore Oil and Gas Supply Base ကမ်းလွန်ရေနံနှင့် သဘာဝ ဓာတ်ငွေ့ ထောက်ပံ့ရေးစခန်း စီမံကိန်းအတွက် လယ်ယာမြေ (၁၉. ၆၇) ဧကကို အခြားနည်းဖြင့် အသုံးခွင့်ပြုကြောင်း သဘောတူလက်မှတ်ရေးထိုးရန် ငြင်းဆန်ခဲ့ပြီးနောက်ပိုင်းတွင် ရေးမြို့နယ်အုပ်ချုပ်ရေးမှူး၏ ဖိအားပေးမှုကြောင့် အံဒင်ကျေးရွာ လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီဝင်က ၎င်းတို့၏ ရာထူးတာဝန်များမှ နှုတ်ထွက်ခဲ့ရသည်။

အဆိုပါကော်မတီဝင် (၂) ဦးမှာ ရပ်ရွာကိုယ်စားပြု ဦးမောင်ရီနှင့် လယ်သမားကိုယ်စားပြု ဦးမင်းမြင့်သိန်းတို့ ဖြစ်ကြသည်။

ဦးမောင်ရီ၏ ပြောပြချက်အရ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ညွန့်က အံဒင်ကျေးရွာလယ်စီကော်မတီဝင် လေးဦးကို ၂၀၁၇ နိုဝင်ဘာလ (၂၀) ရက်နေ့တွင် ခေါ်ယူစည်းဝေးခဲ့ပြီး အံဒင်လယ်စီကော်မတီတံဆိပ်တုံးကို မြို့နယ်အထွေထွေ အုပ်ချုပ်ရေးမှူးရုံးသို့ ယူဆောင်လာရန် ညွှန်ကြားခဲ့သည်။ ရုံးသို့ရောက်ရှိသည့်အခါ အံဒင်ကျေးရွာအနီးရှိ မြေကေအချို့တွင် ကမ်းလွန်ထောက်ပံ့ရေး စီမံကိန်းတစ်ခု လုပ်ဆောင်မည်ဖြစ်ကြောင်း ရှင်းပြခဲ့သည်။

'တရားဥပဒေနဲ့ မညီတာတော့ မရှိဘူးပေါ့လေ။ ဒါပေမယ့် အချက်အလက်တွေကို ဖတ်ပြီးတဲ့အခါမှာ လက်မှတ်ထိုးပေးဖို့ ကျွန်တော်ငြင်းခဲ့တယ်။ ဘာလို့လဲဆိုတော့ ဒီကရွာသားတွေက ဒီစီမံကိန်းအကြောင်းကို ဘာမှမသိသေးဘူး။ (ရွာသူရွာသားတွေ မသိဘဲ) လက်မှတ်ထိုးလိုက်မယ်ဆိုရင် ကျွန်တော်တို့က လူဆိုးဖြစ်သွားလိမ့်မယ်။ ပြီးတော့ ကျွန်တော်တို့ကို ရွာသူ ရွာသားတွေကိုယ်တိုင်က ရွေးကောက်ထားတော့ ပွင့်လင်းမြင်သာမှုမရှိတာကို မလုပ်ချင်ဘူး' ဟု ဦးမင်းမြင့်သိန်းက ပြောပါသည်။

ဆုံးဖြတ်ချက်ချမှတ်နိုင်ရန် အချိန်တစ်ပတ်ခန့်ပေးအပ်ရန် အုပ်ချုပ်ရေးမှူးကို ကော်မတီဝင်များက တောင်းဆိုခဲ့သော်လည်း ငြင်းဆန်ခဲ့သဖြင့် အချိန် (၃) ရက်ခန့် ပေးအပ်ရန် ထပ်မံတောင်းဆိုခဲ့သည်။ သို့သော် ဒုတိယအကြိမ် တောင်းဆိုမှုကိုလည်း အုပ်ချုပ်ရေးမှူးက ငြင်းဆန်ခဲ့ပြန်သည်။ နောက်ဆုံး စဉ်းစားချိန်တစ်ညပေးရန် တောင်းဆိုခဲ့ရာ သဘောမတူညီကြောင်း ချက်ချင်းလက်မှတ်မရေးထိုးနိုင်ပါက ကော်မတီမှ နှုတ်ထွက်ရန် အုပ်ချုပ်ရေးမှူးက ပြောဆိုခဲ့သည်။

'အံဒင်ကျေးရွာအုပ်ချုပ်ရေးမှူးတစ်ယောက်ပဲ လက်မှတ်ထိုးတယ်။ ရဟန်းသံဃာတော်တွေ ရွာသူ ရွာသားတွေနဲ့ မဆွေးနွေးမတိုင်ပင်ရသေးဘူးဆိုတော့ လက်မှတ်မထိုးနိုင်ဘူးလို့ ကျွန်တော်တို့က ပြန်ပြောခဲ့တယ်။ ဒါပေမယ့် မြို့နယ်အုပ်ချုပ်ရေးမှူးက ကျွန်တော်တို့ကို အချိန်မပေးဘူး။ ချက်ချင်းလက်မှတ်ထိုးခိုင်းနေတော့ ကျွန်တော်တို့ နှုတ်ထွက်ခဲ့လိုက်တယ်' ဟု ဦးမောင်ရီက ပြောပါသည်၊

'ကျွန်တော်က ရွာအုပ်ချုပ်ရေးမှူးဖြစ်နေတော့ ကျွန်တော်လက်မှတ်မထိုးရင် တစ်ခြားသူကိုလည်း မထိုးအောင် လုပ်သလိုဖြစ်နေမှာစိုးလို့ လက်မှတ်ထိုးခဲ့တယ်။ ဒါပေမယ့် ကျွန်တော့်တစ်ယောက်တည်း လက်မှတ်နဲ့တော့ တရားမဝင်ပါဘူး။ ကော်မတီဝင်အားလုံး လက်မှတ်ထိုးဖို့လိုတယ်' ဟု ဦးတင်ရှောင်းက ပြောပါသည်။

အံဒင်ကျေးရွာ တက်ကြွလှုပ်ရှားသူ မိနီမာဦး၏ ပြောကြားချက်အရ လယ်ယာမြေများကို အခြားနည်းဖြင့် အသုံးပြုရန် လျှောက်ထားမှုရှိကြောင်း၊ ကန့်ကွက်လိုပါက ရက်ပေါင်း (၃၀) အတွင်း ကန့်ကွက်နိုင်ကြောင်း ဒေသခံအထွေထွေအုပ်ချုပ်ရေးစီးဌာနက ၂၀၁၇ မတ်လ (၅) ရက်နေ့က ကြေညာခဲ့သည်ဟု သိရသည်။

ကြေညာချက်ကို တုံ့ပြန်သောအားဖြင့် ကျေးရွာ (၇) ရွာမှ ရဟန်းသံဃာများနှင့် ရွာသူရွာသားများက မတ်လ (၂၉) ရက်နေ့တွင် စုပေါင်းလက်မှတ်ရေးထိုးကာ မွန်ပြည်နယ်ဝန်ကြီးချုပ်၊ လွှတ်တော်ဥက္ကဋ္ဌ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် မွန်ပြည်နယ် မြေယာစီမံခန့်ခွဲရေးကော်မတီထံသို့ ပေးပို့ခဲ့သည်။

'ကြေညာချက်မှ (၁၉. ၆၇) ဧကဆိုပြီး ပါတယ်။ ဒါပေမယ့် ကုမ္ပဏီက (၆၈) ဧကလို့ ပြောတယ်။ ဒါကိုပဲ ကျွန်မတို့က စိုးရိမ်နေတယ်။ ပွင့်လင်းမြင်သာမှုမရှိဘူးလို့ သံသယဖြစ်မိတယ်' ဟု မိနီမာဦးက ပြောပါသည်။

အံဒင်ကျေးရွာတွင် တည်ဆောက်မည့် ၁၂၈၀ မီဂါဝပ် ကျောက်မီးသွေးစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ စီမံကိန်း ရပ်ဆိုင်းပြီးနောက်ပိုင်းတွင် အံဒင်ဒေသခံများက မည်သည့် အကြီးစားစီမံကိန်းကိုမဆို ငြင်းဆန်ခဲ့သည်။

'ဒီဒေသမှာရှိတဲ့ သဘာဝသယံဇာတတွေနဲ့ပဲ ကျွန်မတို့ အသက်မွေးချင်တယ်။ စီမံကိန်းတွေဆက်လုပ်လာမယ်ဆိုရင် သဘာဝအရင်းအမြစ်တွေ ပျက်စီးသွားလိမ့်မယ်။ ဒီလိုမျိုး မဖြစ်ချင်ဘူး။ သဘာဝအရင်းအမြစ်တွေကို ကျွန်မတို့ ထိန်းသိမ်းသွားချင်တယ်' ဟု အံဒင်လူငယ်အဖွဲ့မှ မိဒါဒါက ပြောပါသည်။

စီမံကိန်းကို အကောင်အထည်ဖော်မည့် Myanmar Offshore Supply Base LTD (MOSB) ကုမ္ပဏီအနေဖြင့် လူထုတွေ့ဆုံဆွေးနွေးပွဲမှတဆင့် ဒေသခံပြည်သူလူထုကို စည်းရုံးရန် ကြိုးစားလျက်ရှိနေသော်လည်း ဒေသခံများက ငြင်းဆန်နေသဖြင့် တွေ့ဆုံပွဲ မဖြစ်မြောက်ခဲ့ချေ။

သတင်းများအရ ကုမ္ပဏီအနေဖြင့် စီမံကိန်းကို ၂၀၁၇ ဇူလိုင်လ (၁၁) တွင် အကောင်အထည်ဖော်ရန် ခွင့်ပြုချက် ရရှိထားပြီးဖြစ်သည်ဟု သိရပြီး ကုမ္ပဏီ၏ အလုပ်မှုဆောင်အရာရှိချုပ်ဖြစ်သူ Mr. Leonard Oh က စီမံကိန်းကြောင့် မွန်ပြည်နယ်တွင် တိုးတက်ဖွံ့ဖြိုးမှုများ ဖြစ်ပေါ်လာမည့်အပြင် အလုပ်အကိုင်အခွင့်အလမ်းများကိုလည်း ပိုမိုဖန်တီးပေးနိုင်မည်ဟု ပြောဆိုခဲ့သည်။

သို့သော်လည်း ပွင့်လင်းမြင်သာမှုအားနည်းနေခြင်းနှင့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်အပေါ် ထိခိုက်မှုများ ဖြစ်ပေါ်လာမည်ကို စိုးရိမ်သောကြောင့် ဒေသခံများက စီမံကိန်းကို လက်ခံရန် နှောင့်နှေးနေကြသည်။

• • • •

▲ စာမျက်နှာ – ၁ မှ အဆက်

# လယ်စီကော်မတီဝင် (၂) ဦး၏ နှုတ်ထွက်မှုကို ပြန်လည်စိစစ်ပေးရန် ဒေသခံများ တောင်းဆို



သို့
ဥက္ကဋ္ဌ
ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုကော်မတီ
နေပြည်တော်

ရက်စွဲ၊ ၂၀၁၈ ခုနှစ် ဇန်နဝါရီလ (၂) ရက်

အကြောင်းအရာ။ ။ ရေးမြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးမှ အံဒင်ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲရေးကော်မတီ အဖွဲ့ဝင်(၂)ဦးအား အကြောင်းမဲ့နှုတ်ထွက်စာတင်ခိုင်းခြင်း နှင့် ပတ်သက်၍ ပြန်လည်စိစစ်ပေးပါရန် တင်ပြခြင်း။

အထက်အကြောင်း အရာပါ ကိစ္စနှင့် ပတ်သက်၍ (၂၀.၁၁.၂၀၁၇) ရက်နေ့ နံနက် (၁၁:၀၀) နာရီအချိန်ခန့်တွင် ရေးမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးမှူးမှ အံဒင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးအား ၎င်းနှင့်အတူ အံဒင်ကျေးရွာအုပ်စု လယ်ယာမြေ စီမံခန့်ခွဲရေး ကော်မတီ အဖွဲ့ဝင်များအား [illegible] ညနေ (၃:၀၀) နာရီတွင် ရေးမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ရန် ဖုန်းဆက် အကြောင်းကြားခဲ့ပါသည်။

ယင်းသို့ ဖုန်းဆက် အကြောင်းကြားမှုကြောင့် အံဒင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးတင်ရှောင်နှင့်အတူ အံဒင်ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှု ကော်မတီဝင်များဖြစ်သော ဦးမောင်ရီ (ရပ်မိရပ်ဖ ကိုယ်စားလှယ်)၊ ဦးမင်းမြင့်သိန်း (တောင်သူကိုယ်စားလှယ်)၊ ဒေါ်ခင်သီတာဝင်း(စာရေးဝန်ထမ်း) (၃) ဦးတို့သည် ယင်းနေ့ညနေ (၂:၄၅) နာရီ အချိန်ခန့်တွင် ရေးမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ ရောက်ရှိခဲ့ပါသည်။

ရေးမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ ရောက်သည့်အခါ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးမှူးမှ Forever ThanLwin Company Ltd မှ ရေးမြို့နယ်၊ အံဒင်ရွာသစ်ကျေးရွာ အနီးတွင် [illegible] ထောက်ပံ့ရေးစခန်း တည်ဆောက်ခြင်းနှင့် ပတ်သက်၍ လယ်ယာမြေ အခြားနည်းအသုံးပြုခွင့်ကို ကန့်ကွက်ရန်မရှိကြောင်းအား ဦးတင်ရှောင်၊ ဦးမောင်ရီနှင့် ဦးမင်းမြင့်သိန်းတို့ (၃) ဦးအား လက်မှတ်ထိုးခိုင်းခဲ့ပါသည်။

ယင်းသို့ လက်မှတ်ထိုးခိုင်းခြင်းအပေါ် ၎င်းတို့ (၃) ဦးမှ အံဒင်ကျေးရွာအုပ်စုနေ ဒေသခံများအား ပြန်လည်ရှင်းလင်းပြောပြရန် (၇) ရက် (သို့မဟုတ်) (၃) ရက် (သို့မဟုတ်) (၁) ည အချိန်ပေးပါရန် တောင်းဆိုခဲ့သော်လည်း မြို့နယ်အထွေထွေ အုပ်ချုပ်ရေးမှူးမှ [illegible] ဟု ဆို၍ ၎င်းတို့ (၃) ဦးမှ [illegible] ဆွေးနွေးခဲ့ပါသည်။ ထိုသို့ ဆွေးနွေးရာတွင် ကျေးရွာအုပ်ချုပ်ရေးမှူးမှ အစိုးရဝန်ထမ်းဖြစ်သည့်အတွက် မငြင်းနိုင်ဘဲ လက်မှတ်ထိုးရမည်ဟု ထင်မှတ်ခြင်းကြောင့် လက်မှတ်ထိုးပေးခဲ့ပြီး ကျန်လယ်ယာမြေစီမံခန့်ခွဲမှု ကော်မတီအဖွဲ့ဝင် (၂) ဦးမှ ဒေသခံများနှင့် မတိုင်ပင်ရသေးသည့်အတွက် လက်မှတ်ထိုးရန် မဖြစ်နိုင်ကြောင်း ပြောခဲ့ပါသည်။ မြို့နယ်အထွေထွေ

ဇန်နဝါရီ ၁၅၊ ၂၀၁၈

မွန်ပြည်နယ် ရေးမြို့နယ် အံဒင်ကျေးရွာ၏ လယ်ယာမြေစီမံခန့်ခွဲမှု ကော်မတီဝင် (၂) ဦးဖြစ်သူ ရပ်ရွာကိုယ်စားပြု ဦးမောင်ရီနှင့် လယ်သမားကိုယ်စားပြု ဦးမင်းမြင့်သိန်းတို့အား ရေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးက ဖိအားပေးနှုတ်ထွက်စေခဲ့သည်။ အံဒင်လယ်စီကော်မတီဝင်များက Offshore Oil and Gas Supply Base ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့ထောက်ပံ့ရေးစခန်း စီမံကိန်းအတွက် လယ်ယာမြေများကို အခြားနည်းဖြင့် အသုံးခွင့်ပြုကြောင်း သဘောတူလက်မှတ်ရေးထိုးရန် ငြင်းဆန်ခဲ့ပြီးနောက်ပိုင်းတွင် ထိုကဲ့သို့ ဖိအားပေး နှုတ်ထွက်စေခဲ့ခြင်းဖြစ်သည်။

၂၀၁၈ ဇန်နဝါရီလ (၂) ရက်နေ့တွင် အံဒင်ကျေးရွာအုပ်စုမှ ရပ်မိရပ်ဖများ၊ ရဟန်းသံဃာတော်များနှင့် ရွာသူ ရွာသားများက မွန်ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲရေးကော်မတီ၊ အမျိုးသားလွှတ်တော် လယ်ယာမြေစုံစမ်းစစ်ဆေးရေးကော်မရှင်၊ မွန်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မွန်ပြည်နယ်လွှတ်တော်နှင့် အသနားခံစာနှင့် အထွေထွေကိစ္စရပ်များ လေ့လာသုံးသပ်ရေးကော်မတီသို့ တိုင်ကြားစာ ပေးပို့ခဲ့ပြီး အံဒင်လယ်စီကော်မတီဝင် (၂) ဦး၏ နှုတ်ထွက်မှုကို ပြန်လည်စိစစ်ပေးရန် တောင်းဆိုခဲ့သည်။

'ကျွန်တော့်အမြင်အရတော့ ထွေအုပ်က လယ်စီကော်မတီဝင်တွေကို ထုတ်ပယ်ဖို့ အခွင့်အာဏာမရှိဘူး။ ကုမ္ပဏီ အနေနဲ့ကလည်း (မြေယာကိစ္စဆို) လယ်စီကော်မတီကို အရင်တွေ့ပြီး ခွင့်ပြုချက်တောင်းသင့်တယ်။ ဒါက လုပ်ထုံးလုပ်နည်းပဲ။ အခုတော့ ကုမ္ပဏီက လယ်စီကို မတွေ့ဘဲ ထွေအုပ်ကို တိုက်ရိုက်သွားတွေ့တယ်။ ထွေအုပ်က အာဏာသုံးပြီးတော့ (မြေအသုံးပြုခွင့်ရဖို့ လုပ်တယ်)။ ဖြစ်စဉ်တွေက ဥပဒေအတိုင်း မဟုတ်တော့ဘူး' ဟု အံဒင်ကျေးရွာသစ်မှ ရပ်မိရပ်ဖတစ်ဦးဖြစ်သူ ဦးသောင်းစိန်က ပြောပါသည်။

၂၀၁၇ နိုဝင်ဘာလ (၂၀) ရက်နေ့တွင် အံဒင်ကျေးရွာသစ်အနီးတွင် အကောင်အထည်ဖော်မည့် ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့ထောက်ပံ့ရေးစခန်း စီမံကိန်းအတွက် လယ်ယာမြေများကို အခြားနည်းဖြင့် အသုံးပြုခွင့်ပြုကြောင်း သဘောတူလက်မှတ်ရေးထိုးပေးရန် အံဒင်လယ်စီကော်မတီကို ညွှန်ကြားခဲ့သည်။

ပွင့်လင်းမြင်သာမှု မရှိခြင်း၊ စီမံကိန်းကို ဒေသခံပြည်သူများထံ ရှင်းလင်းပြောပြမှု မရှိခြင်းတို့ကြောင့် ကော်မတီဝင်များက သဘောတူလက်မှတ်ရေးထိုးရန် ငြင်းဆန်ခဲ့သည်။ ထိုဖြစ်စဉ်ပြီးနောက် ရပ်ရွာကိုယ်စားပြုနှင့် လယ်သမားကိုယ်စားပြုကော်မတီဝင် (၂) နှုတ်ထွက်မှု ဖြစ်ပွားလာခြင်း ဖြစ်သည်။

အဆိုပါကော်မတီဝင် (၂)ဦး၏ နှုတ်ထွက်မှုကို ဒေသခံရွာသူရွာသားများက ကျေနပ်ခြင်း မရှိဘဲ ၎င်းတို့နှစ်ဦးအား မူလရာထူးတာဝန်များကို ပြန်လည်ခန့်အပ်ရန် တောင်းဆိုနေကြသည်။

'ကျွန်တော်တို့ နှုတ်ထွက်တာကို ရွာသူ ရွာသားတွေက မကြိုက်ဘူး။ ကျွန်တော်တို့ကို ပြန်ခန့်စေချင်နေကြတယ်။ ကျွန်တော်ကတော့ ရာထူးကနေ နားချင်ပြီ။ ဒါပေမယ့် ပြန်ခန့်မယ်ဆိုရင်လည်း ရွာသူရွာသားတွေရဲ့ ဆန္ဒနဲ့ ရပ်ရွာအကျိုးကို ကြည့်ပြီးတော့ အလုပ်ပြန်လုပ်သွားမှာပါ 'ဟု အံဒင်လယ်စီကော်မတီမှ နှုတ်ထွက်ထားသူ ဦးမင်းမြင့်သိန်းက ပြောပါသည်။

အဆိုပါကိစ္စနှင့် ပတ်သက်၍ ရေးမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးထံသို့ ဆက်သွယ်မေးမြန်းခဲ့သော်လည်း မှတ်ချက်တစ်စုံတရာပေးရန် ငြင်းဆန်ခဲ့သည်။

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ ထုတ်ဝေသည်

# အမျိုးသမီးများ နိုင်ငံရေးတွင် ပါဝင်နိုင်မှု အားနည်းနေသေးကြောင်း မွန်နိုင်ငံရေးညီလာခံတွင် ထောက်ပြပြောဆို



ဇန်နဝါရီ ၁၈၊ ၂၀၁၈
အမျိုးသမီးနှင့် ကလေးအခွင့်အရေးအစီအစဉ်

၂၀၁၈ ခုနှစ် ဇန်နဝါရီလ (၁၃)နှင့် (၁၅) ရက်နေ့များတွင် မွန်ပြည်နယ် မော်လမြိုင်မြို့ သာသနာ ၂၅၀၀ ဘုန်းတော်ကြီးကျောင်းတွင် ပြုလုပ်ကျင်းပခဲ့သော မွန်နိုင်ငံရေးညီလာခံသို့ တက်ရောက်ခဲ့သော အမျိုးသမီးကိုယ်စားလှယ်များက အမျိုးသမီးများအနေဖြင့် နိုင်ငံရေးတွင် ပါဝင်နိုင်မှု အားနည်းနေသေးကြောင်း ထောက်ပြပြောဆိုခဲ့သည်။ နိုင်ငံရေးအသိုင်းအဝိုင်းမှ အမျိုးသမီးများအား ဖယ်ကြဉ်ထားမှုများ တဖြည်းဖြည်း လျော့ပါးလာသော်လည်း အမျိုးသမီးများ နိုင်ငံရေးကဏ္ဍတွင် ယုံကြည်ချက်ပြည့်ဝစွာဖြင့် ပါဝင်လာနိုင်ရန်အတွက်မူ အားပေးမှုများနှင့် စွမ်းရည်မြှင့်တင်မှုများ ပိုမိုလုပ်ဆောင်ရန် လိုအပ်နေသေးကြောင်း ၎င်းတို့က ပြောဆိုခဲ့ကြသည်။

'နိုင်ငံရေးမှာ ဝင်ပါဖို့ သူတို့မှာ အတွေ့အကြုံလုံလုံလောက်လောက် မရှိဘူးလို့ မွန်အမျိုးသမီးတွေက ထင်နေကြတယ်။ တစ်ချို့ဆို နိုင်ငံရေးက အမျိုးသမီးတွေရဲ့ အလုပ်မဟုတ်ဘူးလို့တောင် ထင်နေကြတုန်းပဲ။ နိုင်ငံရေးမှာ ပါဝင်လာဖို့ဆို တော်တော်လေးကို အားပေးရဦးမယ်။ မူဝါဒတွေ ဥပဒေရေးရာတွေကို ပြုပြင်ပြောင်းလဲတဲ့နေရာမှာ အဓိကကျတဲ့ဆုံးဖြတ်ချက်တွေ ချမှတ်တဲ့နေရာမှာ အမျိုးသမီးတွေရဲ့ သဘောထားဆန္ဒတွေ ပါဝင်ထင်ဟပ်နိုင်ဖို့အတွက် နိုင်ငံရေးကဏ္ဍမှာ အမျိုးသမီးတွေ ပါဝင်လာဖို့က တော်တော်လေး အရေးကြီးပါတယ်' ဟု မွန်နိုင်ငံရေးညီလာခံဖြစ်မြောက်ရေး ဦးဆောင်ကော်မတီ၏ အဖွဲ့ဝင်တစ်ဦးဖြစ်သူ မိချယ်ရီစိုးက ပြောကြားခဲ့သည်။

'အခုဆို အရင်ထက်စာရင် လူမှုအဖွဲ့အစည်းတွေလည်း ပိုပြီးတော့ ခိုင်ခိုင်မာမာဖြစ်လာပြီ။ ဒါပေမယ့် ဆုံးဖြတ်ချက်ချတဲ့နေရာမှာ မူဝါဒပြောင်းလဲတဲ့နေရာမှာ သူတို့ပါဝင်ခွင့် မရသေးဘူး။ ဆုံးဖြတ်ချက်ချတဲ့နေရာမှာ အမျိုးသမီးတွေ ပါဝင်ခွင့်ရလာမယ်ဆိုရင် အခုအဖြစ်များနေတဲ့ လိင်အကြမ်းဖက်မှုလိုမျိုး ကိစ္စတွေကို အဖြေရှာတဲ့နေရာမှာ အများကြီး အထောက်အကူဖြစ်လာမှာဖြစ်တယ်' ဟု ၎င်းက ဆက်ပြောပါသည်။

အခြားကော်မတီဝင်တစ်ဦးဖြစ်သူ မိငွေလေးကလည်း နိုင်ငံရေးညီလာခံသို့ တက်ရောက်ရန် ဖိတ်ကြားခံရသော အမျိုးသမီးဦးရေ နည်းပါးနေသေးကြောင်း၊ စစ်မှန်ပြီး အဓိပ္ပာယ်ရှိသော ပူးပေါင်းပါဝင်မှုဖြစ်လာစေရန် လက်ရှိအရေအတွက်ထက် ပိုမိုများပြားလာစေရန် လုပ်ဆောင်ရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

'နိုင်ငံရေးကဏ္ဍမှာ အမျိုးသမီးတွေ ပါဝင်လာဖို့က အတော်အရေးကြီးပါတယ်။ သူတို့ရဲ့ ရာထူးတာဝန်နဲ့ ဦးဆောင်မှုစွမ်းရည်ကိုလည်း မြှင့်တင်ပေးဖို့ လိုပါတယ်။ အခုအခြေအနေက အရင်ကထက် ပိုကောင်းလာပါတယ်။ အရင်ကဆို မွန်အမျိုးသမီးတွေက နိုင်ငံရေးကိစ္စတွေမှာ ဝင်မပါကြဘူး။ အခုဆိုရင်တော့ အခမ်းအနားတွေမှာ ပါဝင်ခွင့်ပေးပါဆိုပြီး အထူးတလည် တောင်းဆိုနေရတာမျိုး မရှိတော့ဘူး။ သူတို့က ကျွန်မတို့ကို ဖိတ်ခေါ်ပါတယ်။ အခု မွန်နိုင်ငံရေးညီလာခံမှာဆိုရင်လည်း သဘာပတိတွေ ကော်မတီဝင်တွေအဖြစ် ပါဝင်ခွင့်ရနေတာပဲ။ (တစ်ဖက်ကိုကြည့်လိုက်တော့) နိုင်ငံရေးကိစ္စတွေမှာ ဝင်ပါနိုင်တဲ့ အမျိုးသမီးအရေအတွက်ကလည်း နည်းနေသေးတယ်။ နိုင်ငံရေးနယ်ပယ်မှာ ကဏ္ဍပေါင်းစုံရှုထောင့်ပေါင်းစုံက ပါဝင်နိုင်ဖို့အတွက် အမျိုးသမီးတွေကို စွမ်းရည်မြှင့်တင်ပေးရမယ်' ဟု မိငွေလေးက ပြောပါသည်။

'ဒီမွန်နိုင်ငံရေးညီလာခံတစ်ခုတည်းမှာပဲ မဟုတ်ဘူး၊ တစ်ခြားနိုင်ငံရေးနဲ့ပတ်သက်တဲ့ ဆွေးနွေးပွဲတွေမှာလည်း အမျိုးသမီးတွေ ပါဝင်လာနိုင်ဖို့ အမျိုးသမီးအားလုံးကို အားပေးရမယ်။ ဒါမှ အမျိုးသမီးတွေပါဝင်လာမှုနဲ့ပတ်သက်တဲ့ အမြင်တွေကို ပြောင်းလဲပစ်နိုင်မယ်' ဟု ၎င်းက ဆက်ပြောပါသည်။

အဆိုပါ (၂) ရက်တာကျင်းပခဲ့သော မွန်နိုင်ငံရေးညီလာခံကို သံဃာတော်များနှင့် မွန်ပြည်နယ်လူငယ်ကွန်ရက်နှင့် မွန်အမျိုးသမီးကွန်ရက်အပါအဝင် မွန်လူမှုအဖွဲ့အစည်းများက ဦးဆောင်ကျင်းပခဲ့ခြင်းဖြစ်သည်။

# ကျောက်မိုင်းစီမံကိန်းအတွက် မြေအရောင်းအဝယ်ကိစ္စကြောင့် ဒေသခံများအကြား သဘောထားမတိုက်ဆိုင်မှုဖြစ်ပွား

ဒီဇင်ဘာ ၂၀၊ ၂၀၁၇

မွန်ပြည်နယ် ရေးမြို့နယ်တောင်ပိုင်း ခေါဇာမြို့နယ်ခွဲရှိ ခနိသကြားကျေးရွာနှင့် မကျည်းကျေးရွာအကြားရှိ ဗလဲ့ခပွဲတောင်တွင် Excellent Fortune Development Group Company Limited – EFD က ကျောက်ထုတ်လုပ်ရေးလုပ်ကိုင်နိုင်ရန်အတွက် ပြင်ဆင်လျက်ရှိရာ ကျောက်မိုင်းကိစ္စနှင့် ပတ်သက်သော မြေရောင်းဝယ်မှုကြောင့် ဒေသခံရွာသားများအကြား သဘောထားကွဲလွဲမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

'ကျွန်တော်တို့ အပြင်ခနိသကြားရွာနဲ့ မန်ကျည်းရွာက အဲဒီတောင်ကို ကုမ္ပဏီကို ရောင်းဖို့ အလိုမရှိဘူး၊ သဘောလည်း မတူဘူး။ အဲတောင်ကို အပျက်စီးမခံနိုင်ဘူး။ တကယ်လို့ တောင်ကို ကုမ္ပဏီကို ရောင်းလိုက်မယ်ဆိုရင် ခြံတွေ လယ်ယာတွေ သဘာဝအရင်းအမြစ်တွေ ပျက်စီးသွားရင် ကျွန်တော်တို့ ခြံရှင်တွေအတွက် အခက်အခဲအများကြီးဖြစ်တယ်' ဟု မန်ကျည်းကျေးရွာမှ ဒေသခံတစ်ဦးဖြစ်သူ နိုင်စိုက်ချန်းက ပြောပါသည်။

စီမံကိန်းမြေနေရာအား ကုမ္ပဏီကို ရောင်းချရန်အတွက် အတွင်းခနိသကြားရွာသူ ရွာသားအများစုက သဘောတူလက်ခံခဲ့သော်လည်း အပြင်ခနိသကြားနှင့် မန်ကျည်းကျေးရွာများမှ ဒေသခံပြည်သူများက လက်မခံသဖြင့် ၂၀၁၇ ဒီဇင်ဘာလ (၁၂) ရက်နေ့တွင် ရွာသူ ရွာသား အယောက် (၁၀၀) နီးပါးခန့် လက်မှတ်ရေးထိုးကာ ကန့်ကွက်ခဲ့ကြသည်။

'မြေနေရာကိုတော့ မရောင်းရသေးဘူး။ ဒါပေမယ့် ကုမ္ပဏီက (ခနိသကြားဇာတိ) ကျောင်းထိုင်ဆရာတော်ဦးစန္ဒသာရနဲ့စကားပြောထားတာကို ဦးဇင်းတို့သိသလောက်တော့ ဆရာတော်က ရောင်းဖို့ သဘောတူထားတယ်' ဟု မန်ကျည်းကျေးရွာဆရာတော်က မိန့်ကြားပါသည်။

လက်ရှိတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် သီလဘဏ်ကျောင်းတိုက်တွင် ကျောင်းထိုင်နေသော ဆရာတော် ဦးဆန္ဒသာရသည် အတွင်းခနိသကြားဇာတိဖြစ်သဖြင့် ဒေသဖွံ့ဖြိုးရေးကို ရည်ရွယ်သော ဆရာတော်၏ ဆန္ဒအတိုင်း လိုက်နာကာ ဗလဲ့ခပွဲတောင်ကို ကုမ္ပဏီသို့ ရောင်းချရန် အတွင်းခနိသကြားရွာသူ ရွာသားများက သဘောတူခဲ့ကြသည်ဟု ဆိုသည်။

'အတွင်းခနိသကြားကျေးရွာက လူတွေလည်း အကုန်လုံးတော့ လက်မခံဘူး။ တစ်ချို့က သဘောမတူပေမယ့် သဘောတူလိုက်ရတာ ရှိတယ်။ ပြောရမယ်ဆိုရင် ဆရာတော်က တောင်ကို ကုမ္ပဏီထံ ရောင်းဖို့ သဘောတူထားသလို ဆရာတော်ရဲ့ အစ်ကိုဖြစ်သူ အရင်က ခေါင်းပြလည်းဖြစ်ဖူးတဲ့ နိုင်ထွန်းဆောင်ဆိုတဲ့သူက သဘောမတူတဲ့ ရွာသားတွေကို သေနတ်နဲ့ လိုက်ခြိမ်းခြောက်နေတဲ့အတွက် လက်မခံတဲ့သူလည်း လက်ခံလိုက်ရတယ်။ အဲလိုဖြစ်နေတယ်' ဟု မန်ကျည်းကျေးရွာဆရာတော်က မိန့်ကြားပါသည်။

ဒီဇင်ဘာလ (၂၈) ရက်နေ့တွင်လည်း ဒေသအတွက် လမ်းဖောက်လုပ်ရန် ဟုဆိုကာ နိုင်ထွန်းဆောင်က ခနိသကြားရွာသားများကို စုဆောင်းခေါ်ဆောင်သွားခဲ့သည်။ သို့သော် အမှန်တကယ် လမ်းဖောက်လုပ်ခြင်း မဟုတ်ဘဲ ကုမ္ပဏီသို့ ရောင်းချမည့် မြေနေရာရှိ အပင်များကို ခုတ်ထွင်ရှင်းလင်းခြင်းသာဖြစ်ကြောင်း အပြင်ခနိသကြား ဒေသခံများက ပြောပါသည်။

'လမ်းလုပ်မယ်ပြောပြီး လမ်းမလုပ်ဘဲ ကုမ္ပဏီဝယ်မယ့်နေရာကို ရှင်းခိုင်းတော့ နိုင်စိန်အုန်းကြီးက လက်မခံလို့ နိုင်ထွန်းဆောင်နဲ့ စကားများခဲ့ကြတယ်။ နောက်ပြီး အပင်တွေရှင်းနေတုန်း နိုင်ငြိမ်းက ဗိုက်ဆာလို့ဆိုပြီး အုန်းသီးသွားခူးစားတယ်။ အဲအချိန်မှာ အတွင်းခနိသကြား အုပ်ချုပ်ရေးမှူးနိုင်ဖက လှမ်းခေါ်တာ တက်မလာနိုင်လို့ နှစ်ယောက်သား ရန်ဖြစ်စကားများကြတယ်။ နိုင်ငြိမ်းက အုပ်ချုပ်ရေးမှူးကို ပြန်တောင်းပန်ရတယ်။ ပြီးတော့ ဒဏ်ငွေတစ်သိန်း အုပ်ချုပ်ရေးမှူးကို ပေးရတယ်' ဟု ဆရာတော်က ထပ်မံမိန့်ကြားပါသည်။

ကျောက်မိုင်းစီမံကိန်း မြေအရောင်းအဝယ်ကိစ္စကြောင့် သဘောထားကွဲလွဲမှုများ ဖြစ်ပွားလာသည့်အတွက်ကြောင့် ပြဿနာတစ်စုံတရာဖြစ်ပေါ်လာမည်ကို ဒေသခံရွာသူ ရွာသားများက စိုးရိမ်နေကြသည်။

အပြင်ခနိသကြားကျေးရွာတွင် အိမ်ခြေပေါင်း (၁၅) အိမ်ခန့်၊ အတွင်းခနိသကြားကျေးရွာတွင် အိမ်ခြေ (၁၀၀) ခန့်နှင့် မန်ကျည်းကျေးရွာတွင် အိမ်ခြေ (၂၀၀) ကျော်ခန့် ရှိပြီး အများစုသည် ကွမ်းသီးနှင့် အုန်းသီးကို အဓိကစိုက်ပျိုးပြီး ဈေးကွက်ဝင်သော ဝဥကိုလည်း စိုက်ပျိုးကြသည်။

ကျွန်တော်တို့ အပြင်ခနိသကြားရွာနဲ့ မန်ကျည်းရွာက အဲဒီတောင်ကို ကုမ္ပဏီကို ရောင်းဖို့ အလိုမရှိဘူး၊ သဘောလည်း မတူဘူး။ အဲတောင်ကို အပျက်စီးမခံနိုင်ဘူး။ တကယ်လို့ တောင်ကို ကုမ္ပဏီကို ရောင်းလိုက်မယ်ဆိုရင် ခြံတွေ လယ်ယာတွေ သဘာဝအရင်းအမြစ်တွေ ပျက်စီးသွားရင် ကျွန်တော်တို့ ခြံရှင်တွေအတွက် အခက်အခဲ အများကြီးဖြစ်တယ်

# ကလော့သော့ကျေးရွာအုပ်စု ရေရရှိရေးအတွက် ပြည်သူများထံမှ ငွေကောက်ခံမည်ကို ရွာသားအများစုက ငြင်းဆန်

ဖေဖော်ဝါရီ ၁၂၊ ၂၀၁၈

မွန်ပြည်နယ် မုဒုံမြို့နယ် ကလော့သော့ကျေးရွာအုပ်စုအတွက် ရေးပေးဝေရန် စီစဉ်လျက်ရှိရာ မွန်ပြည်နယ်အစိုးရအဖွဲ့က စီမံကိန်းအတွက် ဘဏ္ဍာငွေကျပ်သိန်း (၅၀၀) ကျော် ပေးအပ်ထားသော်လည်း ရပ်ကွက် (၁၃) ရပ်ကွက်ရှိသည့်အနက် (၃) ရက်ကွက်သာ ရေရရှိသေးကြောင်း သိရသည်။ ၎င်းပြင်ကျန်ရှိရပ်ကွက်များ ရေရရှိရန်အတွက် ဒေသခံရွာသူ ရွာသားများထံမှ ငွေကြေးကောက်ခံရန် စီစဉ်လျက်ရှိရာ ပြည်သူများက အပိုငွေကြေးထပ်မံထည့်ဝင်လိုခြင်းမရှိကြောင်း ပြောဆိုငြင်းဆန်ကြသည်။

ရေပေးဝေရေးကိစ္စနှင့် ပတ်သက်၍ ဘဏ္ဍာငွေမလုံလောက်သည့်အပြင် စနစ်တကျစီမံထားမှုများလည်း မရှိသည့်အတွက် ဒေသခံရွာသူ ရွာသားအချင်းချင်းကြားတွင် သဘောထားမတိုက်ဆိုင်မှုများ ဖြစ်ပွားနေကြောင်းလည်း သိရသည်။

'ကျွန်တော်တို့ရွာတွေ ပြဿနာတွေ တစ်ခုပြီးတစ်ခုဖြစ်နေတာဟာ အစိုးရရဲ့မပြတ်သားမှုကြောင့်ပဲ။ အခုလည်း (၃) ရပ်ကွက်ပဲ ရေပေးနိုင်တယ်ဆိုတာ ဘတ်ဂျက်မကျခင် ကြိုပြောထားပေါ့။ မီးလင်းရေးတုန်းကလည်းဒီလိုပဲ။ ဘတ်ဂျက်နည်းနည်းပဲ ချပေးတော့ ရွာသားတွေကပဲ ပြဿနာတစ်ခုပြီးတစ်ခုဖြစ်နေတယ်။ ကျွန်တော်ပြောချင်တာက အစိုးရအနေနဲ့ တစ်ခုခုလုပ်ပေးမယ်ဆိုရင် ဘတ်ဂျတ်အခြေအနေနဲ့ ပြည်သူတွေရဲ့လိုအပ်ချက်ကို ပြည့်ပြည့်ဝဝ မပေးနိုင်ဘူးဆိုရင် ပြည်သူတွေနဲ့ လာရောက်တွေ့ဆုံပြီးရှင်းပြပေးပါ။ အဲဒါမှ ပြည်သူတွေက လုပ်နိုင်လား မလုပ်နိုင်ဘူးလား သိရမှာလေ' ဟု ကလော့သော့ကျေးရွာ ဒေသခံတစ်ဦးဖြစ်သူ ဒေါက်တာဘုန်းဝေးက ပြောပါသည်။

ကလော့သော့ကျေးရွာအုပ်စုတွင် နွေရာသီဖြစ်သော တပေါင်းလနှင့် တန်ခူးလများတွင် ရေရှားပါးပြတ်လပ်မှုကို နှစ်စဉ်နှစ်တိုင်း ကြုံတွေ့ခံစားနေရကြောင်း ဒေသခံများထံမှ သိရသည်။

'ကျွန်တော့်ဆန္ဒဆို ဒီရေပေးဝေမှုကို မလုပ်စေချင်ဘူး။ ဘာလို့လဲဆိုတော့ ပြည်သူတွေအတွက် အဆင်မပြေဘူး။ ပြည်သူတွေ ပိုက်ဆံစိုက်ထုတ်နေရတယ်။ နောက်ပြီး လတိုင်း မီတာခတွေလည်း ပေးရဦးမယ်။ ကျွန်တော်တို့ရွာက ဒီလောက်ထိလည်း မလိုဘူး။ ရေရှားတဲ့လက အများဆုံး (၂) လနီးနီးပေါ့။ ဒါပေမယ့် အခုဦးဆောင်ပြီးလုပ်နေတဲ့ဆရာတော်က ဒေသအတွင်းရေရဖို့ လုပ်မယ်ဆိုရင် ပြည်သူတွေ မနစ်နာအောင် ညှိနှိုင်းပြီး ဆောင်ရွက်စေချင်တယ်' ဟု ကလော့သော့ရွာသားနိုင်ချေးနွန်က ပြောသည်။

ကလော့သော့ ရေရရှိရေးကော်မတီကို ၂၀၁၇ မေလတွင် ဖွဲ့စည်းခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ပြန်လည်ဖျက်သိမ်းခဲ့ရသည်။ ၂၀၁၈ ဇန်နဝါရီလ (၂၅) ရက်နေ့တွင် ကလော့သော့ ကျေးရွာဘုန်းတော်ကြီးကျောင်းမှ ကျောင်းထိုင်ဆရာတော်က ဦးဆောင်ပြီး ကျေးရွာရေပေးဝေရေးကိစ္စနှင့်ပတ်သက်၍ အစည်းအဝေးတစ်ရပ်ကျင်းပခဲ့ရာ လူအယောက် (၂၀) ခန့်သာ တက်ရောက်ခဲ့သော်လည်း ထိုတက်ရောက်လာသောလူများဖြင့်သာ ရေပေးဝေရေးကော်မတီအသစ်ကို ဖွဲ့စည်းခဲ့သည်။

'ရွာမှ ရေရဖို့အတွက်ဆို ပိုက်ဆံထပ်ပေးရရင်လည်း ပေးမယ်။ ပိုက်ဆံမရှိလည်း ရှာရမှာပေါ့။ အဓိကက ရေရဖို့ပဲအရေးကြီးတယ်။ ရေမရှိရင် ရွာလည်း မတိုးတက်ဘူး။ ရေရဖို့အတွက် ဖြစ်မြောက်အောင်လုပ်ပေးပါ ဆရာတော်' ဟု ဆွေးနွေးပွဲတက်ရောက်လာသူ ဒေါ်ခင်ဝင်းမေက ကျောင်းထိုင်ဆရာတော်အား လျှောက်ထားခဲ့သည်။

ရွာသူ ရွာသားများထံ ငွေကြေးထပ်မံကောက်ခံခြင်းမပြုဘဲ မွန်ပြည်နယ်အစိုးရက ချမှတ်ပေးထားသော ဘဏ္ဍာငွေဖြင့်သာ ကျေးရွာအတွင်းတူးဖော်ထားသော အဝီစိတွင်းများနှင့် ရေကန်များကို ထပ်မံတိုးချဲ့တူးဖော်ပေးမည်ဆိုပါက ရေရှားပါးမှုပြဿနာကို ဖြေရှင်းပေးနိုင်ကြောင်း ကလော့သော့ဒေသခံအချို့တို့က အကြံပေးပြောဆိုသည်။

ယခင်ကလည်း မွန်ပြည်နယ်အစိုးရက ဓာတ်အားခွဲရုံချပေးမည်ဟုဆိုကာ ကျေးရွာမီးလင်းရေးကော်မတီကို ဖွဲ့စည်းရန်ညွှန်ကြားခဲ့ရာ အဆိုပါကော်မတီ၏ လုပ်ဆောင်ချက်များကို ရွာသူ ရွာသားများက ကြိုက်နှစ်သက်ခြင်း မရှိခဲ့ချေ။ ယခုအကြိမ်ရေပေးဝေရေးကိစ္စရပ်တွင်လည်း အလားတူကိစ္စများ ဖြစ်ပေါ်လာခဲ့သဖြင့် မီးလင်းရေးနည်းတူ ရေပေးဝေရေးကိစ္စလည်း အောင်မြင်နိုင်ချေနည်းပါးကြောင်း ဒေသခံများက သုံးသပ်ပြောဆိုပါသည်။

> ကျွန်တော့်ဆန္ဒဆို ဒီရေပေးဝေမှုကို မလုပ်စေချင်ဘူး။ ဘာလို့လဲဆိုတော့ ပြည်သူတွေအတွက် အဆင်မပြေဘူး။ ပြည်သူတွေ ပိုက်ဆံစိုက်ထုတ်နေရတယ်။ နောက်ပြီး လတိုင်း မီတာခ တွေလည်း ပေးရဦးမယ်။ ကျွန်တော်တို့ရွာက ဒီလောက် ထိလည်း မလိုဘူး။

# မုဒုံမြို့နယ်တွင် အသက် (၁၁)နှစ်အရွယ် မိန်းကလေးငယ်တစ်ဦး အဓမ္မပြုကျင့်ခံရ

ဒီဇင်ဘာ ၂၆၊ ၂၀၁၇

၂၀၁၇ အောက်တိုဘာလ (၂၅) ရက်နေ့တွင် မွန်ပြည်နယ် မုဒုံမြို့နယ် ကော့လှာကျေးရွာမှ အသက် (၁၁) အရွယ် မိန်းကလေးငယ်တစ်ဦးအား အသက် (၄၂) အရွယ် အမျိုးသားက အဓမ္မပြုကျင့်ခဲ့ကြောင်း သိရသည်။

နေ့လည် (၁) နာရီခန့်အချိန်တွင် ကျူးလွန်သူအမျိုးသားနှင့် မိန်းကလေးငယ်သည် ကလေးငယ်၏လက်ကိုင်ဖုန်းကို ပြုပြင်ရန်ဟုဆိုကာ မိဘများမသိဘဲ အပြင်သို့ ထွက်လာခဲ့ကြသည်။ ကျူးလွန်သူက မိန်းကလေးငယ်ကို မိန်းကနိုင်ကျေးရွာ မီးရထားဘူတာရုံအနီးရှိ ခြုံပုတ်သို့ ခေါ်ဆောင်သွားပြီး အဓမ္မပြုကျင့်ခဲ့သည်။ မိသားစုကို ပြန်လည်ပြောပြပါက သတ်ပစ်မည်ဟု ကျူးလွန်သူက ခြိမ်းခြောက်ခဲ့ပြီး မည်သူ့ကိုမျှ ဖွင့်မပြောဘဲ တိတ်တဆိတ်နေမည်ဆိုပါက ဖုန်းအသစ်တစ်လုံး ဝယ်ပေးမည်ဟု ပြောဆိုခဲ့သည်။ ညနေ (၅) နာရီအချိန်တွင် ၎င်းမိဘများ အလုပ်လုပ်ရာ မင်းလှကျေးရွာသို့ မိန်းကလေးငယ်ကို ပြန်လည်ပို့ဆောင်ခဲ့သည်။

မိန်းကလေးငယ် ပြန်ရောက်ရောက်ချင်း အမေဖြစ်သူက တစ်စုံတစ်ခု လွဲမှားနေသည်ဟု သံသယရှိသဖြင့် မိန်းကလေးငယ်ကို မေးမြန်းခဲ့သော် တစ်စုံတရာဖွင့်ဟပြောဆိုခြင်း မရှိချေ။ အလုပ်ပြီး၍ အိမ်သို့ ပြန်ရောက်သည့်အခါတွင်မှ မိန်းကလေးငယ်တွင် မျှော့တွယ်နေသည်ကို တွေ့ရှိခဲ့သဖြင့် အဖြစ်မှန်ကို ပြောပြရန် ထပ်မံမေးမြန်းခဲ့သည်။ မိန်းကလေးငယ်က ဦး–––က သူ့ကို အဓမ္မပြုကျင့်ခဲ့ကြောင်း ဖွင့်ပြောသဖြင့် ဖြစ်စဉ်ကို ကျေးရွာ အုပ်ချုပ်ရေးမှူးထံ ဖွင့်ဟတိုင်ကြားခဲ့သည်။

ဦး–––ကို ကျေးရွာအုပ်ချုပ်ရေးမှူးရုံးတွင် ဖမ်းဆီးထိန်းသိမ်းခဲ့ပြီး မုဒုံရဲစခန်းသို့ ဆက်သွယ်အကြောင်းကြားခဲ့သည်။ ရဲလုပ်ထုံးလုပ်နည်းအတိုင်း အမျိုးသမီးရဲမေ ဒေါ်ခင်မောင်ထွန်းအား ဖြစ်စဉ်ကို စုံစမ်းစစ်ဆေးရန် တာဝန်ပေးခဲ့သည်။

စုံစမ်းစစ်ဆေးမှုအတွင်း ရဲအရာရှိက ကျူးလွန်သူအား အခင်းဖြစ်ပွားရာ နေရာကို လိုက်လံပြသစေခဲ့ပြီး ကျူးလွန်သူနှင့် ကျူးလွန်ခံရသူတို့၏ အဝတ်အစားများကို သက်သေခံအဖြစ် သိမ်းဆည်းခဲ့သည်။

ကျူးလွန်သူကို မုဒုံရဲစခန်းသို့ ပို့ဆောင်ထိန်းသိမ်းခဲ့ပြီး အောက်တိုဘာလ (၂၆) ရက်နေ့တွင် ရာဇသတ်ကြီးပုဒ်မ (၃၇၆) မုဒိမ်းမှုဖြင့် တရားစွဲဆိုခဲ့သည်။ သို့သော် ကျူးလွန်သူကို တရားခွင်သို့ မပို့ဆောင်ရသေးချေ။

အခင်းဖြစ်ပွားပြီး နောက်တစ်နေ့တွင် မိန်းကလေးငယ်ကို မော်လမြိုင် ဆေးရုံကြီးသို့ ပို့ဆောင်ကာ ဆေးစစ်မှုပြုလုပ်ခဲ့သည်။ မိန်းကလေးငယ်နှင့် နီးစပ်သူတစ်ဦး၏ ပြောကြားချက်အရ ကျိုက်မရောမြို့နယ် အမျိုးသမီးအသင်းနှင့် မွန်ပြည်နယ်လွှတ်တော် အမျိုးသမီးနှင့်ကလေးအခွင့်အရေးကော်မတီမှ အဖွဲ့ဝင်များက မိန်းကလေးငယ်နှင့် သူ၏ မိသားစုကို ကူညီထောက်ပံ့လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ကလေးသူငယ်များအပေါ်ကျူးလွန်သော လိင်အကြမ်းဖက်မှုများ တစ်နေ့တစ်ခြား မြင့်တက်လာလျက်ရှိသည်။ မြန်မာနိုင်ငံတောင်ပိုင်း မွန်ဒေသများတွင် ဖြစ်ပွားခဲ့သော သက်ငယ်လိင်အကြမ်းဖက်မှုနှင့်ပတ်သက်၍ ပိုမိုသိရှိလိုပါက မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက ၂၀၁၇ မတ်လတွင် ထုတ်ဝေသော 'အမှောင်ခန်းက အပ်ကျသံ' အစီရင်ခံစာကို ဖတ်ရှုနိုင်ပါသည်။



## မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းကို ၁၉၈၈ ခုနှစ် လူထုလှုပ်ရှားမှုတွင် ပါဝင်ခဲ့သည့် ဒီမိုကရေစီစနစ်ကို အားပေးထောက်ခံသော ကျောင်းသားများ၊ တက်ကြွလှုပ်ရှားသူများ၊ မွန်လူထုခေါင်းဆောင်များနှင့် လူငယ်များ စုပေါင်းတည်ထောင်ခဲ့ခြင်း ဖြစ်သည်။ မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ် ထွန်းကားရေး၊ လူ့အခွင့်အရေး ရရှိရေးနှင့် စစ်မှန်သောငြိမ်းချမ်းရေး ပေါ်ပေါက်လာရေးတို့ကို အဓိကရည်ရွယ်ချက်ဖြင့်ထားရှိကာ ထူထောင်ခဲ့ခြင်းဖြစ်သည်။ မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းသည် အကျိုးအမြတ်မယူသော လူ့အခွင့်အရေးအဖွဲ့တဖွဲ့ဖြစ်ပြီး အဖွဲ့ဝင်များအားလုံးသည် တူညီသော ရည်မှန်းချက်ပန်းတိုင်ကို တူညီသော အတွေးအမြင်များဖြင့် ချီတက်နေကြသော စေတနာ့ဝန်ထမ်းများ ဖြစ်သည်။ မွန်ဒေသနှင့် မြန်မာနိုင်ငံတောင်ပိုင်းဒေသများမှ လူ့အခွင့်အရေး အခြေအနေများကို စောင့်ကြည့်လေ့လာခြင်းဖြင့် မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ် ထွန်းကားလာစေရန် ဒေသဆိုင်ရာ တိုင်းရင်းသား လူ့အခွင့်အရေးအဖွဲ့တစ်ဖွဲ့အနေဖြင့် ကျရာတာဝန်ကို ထမ်းဆောင်လျှက်ရှိသည်။ မြန်မာနိုင်ငံတွင် ပြုပြင်ပြောင်းလဲရေးများ အရှိန်အဟုန်ဖြင့် ပေါ်ပေါက်လာစေရန် လူ့အခွင့်အရေးဆိုင်ရာ သတင်းအချက်အလက်များ ဖြန့်ဝေခြင်းနှင့် အစီရင်ခံစာများ ထုတ်ဝေခြင်းဖြင့် တွန်းအား ပေးလျှက်ရှိသည်။ မွန်လူထုအသံဟူသော လူ့အခွင့်အရေးစာစောင်ကို ပုံမှန်ထုတ်ဝေလျှက်ရှိပြီး လူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာ များကိုလည်း အခါအားလျော်စွာ ထုတ်ဝေလျှက် ရှိသည်။

### ပန်းတိုင်

နိုင်ငံသားအားလုံး လူ့အခွင့်အရေးကို အပြည့်အဝ ရရှိခံစားနိုင်စေရန်။

### ရည်ရွယ်ချက်

(၁) လူ့အခွင့်အရေးနှင့် ပတ်သက်သော သတင်းအချက်အလက်များ ပြည်သူလူထုအကြား ပိုမိုပျံ့နှံ့သိရှိနိုင်စေရန်။
(၂) လူ့အခွင့်အရေးနှင့် ပတ်သက်ပြီး ပြည်သူလူထုကို ပညာပေး လှုံ့ဆော်ရန်။
(၃) လူ့အခွင့်အရေးနှင့် ပတ်သက်သည့် လှုပ်ရှားမှုများတွင် ပြည်သူများ ပူးပေါင်းပါဝင်လာစေရန်။

## စာဖတ်သူမိတ်ဆွေများထံမှ ဝေဖန်အကြံပြုစာ တောင်းခံခြင်း

ချစ်ခင်လေးစားအပ်ပါသော စာဖတ်သူမိတ်ဆွေများခင်ဗျား

မြန်မာနိုင်ငံ လူ့အခွင့်အရေးကို ကာကွယ်မြှင့်တင်ရန် ရည်ရွယ်ပြီး မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ လူ့အခွင့်အရေးစာစောင်ကို ထုတ်ဝေလျှက်ရှိသည်။ သတင်းအချက်အလက်များနှင့် ပတ်သက်ပြီး တိကျသေချာစေရန် အကြိမ်ကြိမ် အထပ်ထပ် စိစစ်အတည်ပြုမှုများ ဆောင်ရွက်နေရသဖြင့် အချိန်နောက်ကျခြင်းများ ဖြစ်ပေါ်ခဲ့ပါက စာဖတ်သူ မိတ်ဆွေများအနေဖြင့် နားလည်ပေးစေလိုကြောင်း မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ ပန်ကြားအပ်ပါသည်။ ကျွန်ုပ်တို့ထံသို့ ဝေဖန်အကြံပြုစာများ ပေးပို့လိုလျှင်ဖြစ်စေ၊ စာစောင်များအား လက်ခံရယူ လိုလျှင်ဖြစ်စေ အောက်ပါလိပ်စာအတိုင်း လိပ်မူပြီး ပေးပို့တောင်းခံနိုင်ပါသည်။

ရိုသေလေးစားစွာဖြင့်
ဒါရိုက်တာ
မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း

Rehmonnya.org
The official website of Human Rights Foundation of Monland
www.rehmonnya.org

Human Rights Foundation of Monland - Burma
P.O Box 35,
Sangkhlaburi Post Office, Kanchanaburi 71240,
Thailand.

• • • • •

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ ထုတ်ဝေသည်

# မွန်ပြည်သစ်ပါတီ အပစ်ရပ်စာချုပ် လက်မှတ်ထိုးပြီးနောက်တွင် ဒေသဖွံ့ဖြိုးရေး များစွာတိုးတက်လာမည်ဟု ဒေသခံများက မျှော်လင့်




ဖေဖော်ဝါရီ ၇၊ ၂၀၁၈

၂၀၁၈ ဇန်နဝါရီလ (၂၃) ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့နှင့် တွေ့ဆုံပြီးနောက်တွင် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးစာချုပ် (National Ceasefire Agreement) ကို သဘောတူလက်မှတ်ထိုးမည်ဟု မွန်ပြည်သစ်ပါတီက ကြေညာခဲ့သည်။ အဆိုပါ လက်မှတ်ရေးထိုးပွဲကို လာမည့် ဖေဖော်ဝါရီလ (၁၃) ရက်နေ့တွင် နေပြည်တော်၌ ပြုလုပ်ကျင်းပသွားမည်ဟုလည်း သိရသည်။

မွန်ပြည်သစ်ပါတီက အပစ်ရပ်စာချုပ်တွင် လက်မှတ်ရေးထိုးမည်ဟု ကြေညာပြီးနောက်ပိုင်းတွင် ပါတီဌာနချုပ်ဒေသအနီးတစ်ဝိုက်ရှိ ကျေးရွာများမှ ပြည်သူလူထုများက အပစ်ရပ်ပြီးပါက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ပိုမိုလုပ်ကိုင်လာမည်ဟု အထူးတလည် မျှော်လင့်နေကြသည်။ အပစ်ရပ်ပြီးပါက ဒေသအတွင်း လမ်းတံတားများနှင့် ဆက်သွယ်ရေးနည်းစနစ်များ ပိုမိုကောင်းမွန်လာမည့်အပြင် ဖွံ့ဖြိုးရေးစီမံကိန်းများကိုလည်း ပိုမိုအကောင်အထည်ဖော်လာနိုင်မည်ဟု ရွာသူရွာသားများက ယုံကြည်နေကြသည်။

'ကျွန်တော်တို့က ဒေသဖွံ့ဖြိုးရေးကို ဟိုးနှစ်ပေါင်းများစွာကတည်းက မျှော်လင့်လာခဲ့ကြတာ။ ဖုန်းကုမ္ပဏီတွေကလည်း သူတို့တာဝါတိုင်တွေ လာထောင်ထားပြီးပြီ။ ဒါပေမယ့် အလုပ်မစနိုင်သေးဘူး။ ရွာသူရွာသားတွေက ဖုန်းတို့ လမ်းကောင်းကောင်းတို့ သုံးချင်နေတာ ကြာပြီ။ ဒီတစ်ခါတော့ တကယ်ဖြစ်လာမယ်ထင်တယ်'ဟု မွန်ပြည်သစ်ပါတီ ထိန်းချုပ်ဒေသတွင် နှစ်ပေါင်း (၂၀) ကျော်ကြာ နေထိုင်လုပ်ကိုင်လာခဲ့သော ထားဝယ်လူမျိုး နိုင်ခင်က ပြောပါသည်။

မိုးရာသီတွင် လမ်းမကောင်းခြင်းနှင့် ပို့ဆောင်သွားလာရေးစနစ် ညံ့ဖျင်းခြင်းတို့ကြောင့် မွန်ပြည်သစ်ပါတီထိန်းချုပ်ဒေသ အနီးတစ်ဝိုက်ရှိ ကျောင်းသူ ကျောင်းသားများနှင့် လူနာများအနေဖြင့် စာသင်ကျောင်းနှင့် ဆေးရုံးဆေးခန်းများသို့ အချိန်မီချောမွေ့စွာ သွားရောက်နိုင်ခြင်း မရှိချေ။

'ဂျိုးဟပရုနဲ့ ဗလယ်ဒုန်ဖိုက်မှာနေတဲ့ ကလေးတွေ လေးတန်းပြီးလို့ရှိရင် (မွန်ပြည်သစ်ပါတီဌာနချုပ်အနီးမှာရှိတဲ့) ညီသာကို ကျောင်းသွားတက်ရတယ်။ တတ်နိုင်တဲ့မိဘတွေကတော့ သူတို့သားသမီးကို ဆိုင်ကယ်နဲ့ ကျောင်းပို့နိုင်ပေမယ့် မရှိတဲ့ကလေးတွေကျတော့ လမ်းလျှောက်ပြီး ကျောင်းတက်ရတယ်' ဟု မွန်အမျိုးသားပညာရေးကော်မတီမှ အရာရှိတစ်ဦးဖြစ်သူ နိုင်ဆိုက်လှိုန်းက ပြောပါသည်။

မွန်ပြည်သစ်ပါတီ ထိန်းချုပ်ဒေသအတွင်း နေထိုင်ကြသော ရွာသူ ရွာသားများအနေဖြင့် ဥယျာဉ်ခြံလုပ်ငန်း၊ တောင်ယာလုပ်ငန်း၊ သစ်လုပ်ငန်းနှင့် စိုက်ပျိုးရေးနှင့်ဆက်စပ်သော အခြားစီးပွားရေးလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းကြသည်။

မွန်ပြည်သစ်ပါတီထိန်းချုပ်ဒေသတွင် ကျေးရွာ (၈) ရွာ ပါရှိသော ပနန်းဗိန်(ရေးချောင်းဖျား)ဒေသနှင့် ကျေးရွာ (၁၂) ရွာပါဝင်သော ဘလဲ့တုန်ဖိုက်ဒေသဟူ၍ (၂) ပိုင်း ပါဝင်သည်။ ဘလဲ့တုန်ဖိုက်ဒေသကို မွန်ပြည်သစ်ပါတီ၏ ဖွံ့ဖြိုးရေးဒေသဟုလည်း သတ်မှတ်ထားသည်။ အဆိုပါဒေသ (၂) ခုတွင် ကျေးရွာများ၊ လူနေအိမ်များနှင့် လူဦးရေ အထိုက်အလျောက် တည်ရှိနေသော်လည်း လမ်းပန်းဆက်သွယ်ရေးစနစ်မှာ များစွာအားနည်းလျက်ရှိသည်။

အပစ်ရပ်စာချုပ်လက်မှတ်ထိုးပြီးနောက်ပိုင်းတွင် ပြည်သူ့အကျိုးပြုလုပ်ငန်းများနှင့် လမ်းပန်းဆက်သွယ်ရေးစနစ်များကို ပိုမိုအာရုံစိုက်လုပ်ကိုင်သွားမည်ဟုလည်း မွန်ပြည်သစ်ပါတီ ဗဟိုအလုပ်မှုဆောင်ကော်မတီဝင်များက ကတိပေးပြောကြားထားသည်။

• • • • •